# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်    ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ ကြာသပတေးနေ့    အတွဲ (၆၃)၊ အမှတ်(၀၄၇)


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ မာ တိ ကာ**


**အတွင်းပူ အပြင်ပူ**

ဆောင်းပါး စာ ၆

**ပြည်ပမှစက်သုံးဆီတင်သင်္ဘောများ သီလဝါဆိပ်ကမ်းသို့ အဆက်မပြတ် ရောက်ရှိလျက်ရှိပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးလျက်ရှိ**



ပြည်တွင်းသတင်း စာ ၁၂

**ကန့်ဘလူခရိုင်၏ စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှု**

စီးပွားရေးသတင်းများ စာ ၁၄

**လူမှုဘဝဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးဝိုင်းကူစို့**

ဆောင်းပါး စာ ၁၆




သူငွေးရေအားလျှပ်စစ်စီမံကိန်း ပင်မတာမံဆောင်ရွက်မှုလုပ်ငန်းကို တွေ့ရစဉ်။

# တစ်နှစ်လျှင်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီပေါင်း ၃၈၆ သန်းထုတ်လုပ်နိုင်မည့် သူငွေးရေအားလျှပ်စစ်စီမံကိန်း ၇၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူငွေးချောင်းပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သူငွေးရေအားလျှပ်စစ်စီမံကိန်းသည် ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၇၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

"သူငွေးရေအားလျှပ်စစ်စီမံကိန်း ပြီးစီးမှုအခြေအနေကတော့ ရေယူအဆောက်အအုံဆိုရင် ၂၀၂၃ ခုနှစ် ဩဂုတ် ၂၃ ရက်က ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ပါတယ်။ ပင်မတာမံလုပ်ငန်းအနေနဲ့ ၇၉ ဒသမ ၁၉ ရာခိုင်နှုန်း၊ ရေပိုလွှဲလုပ်ငန်းအနေနဲ့ ၇၈ ဒသမ ၉၇ ရာခိုင်နှုန်း၊ ရေလွှဲဥမင်လိုဏ်လုပ်ငန်းအနေနဲ့ ၉၆ ဒသမ ၇၉ ရာခိုင်နှုန်း၊ ရေထိန်းတံခါးပြွန်လုပ်ငန်းအနေနဲ့ ၉၇ ဒသမ ၇၅ ရာခိုင်နှုန်း၊ ရေလွှဲဥမင်လိုဏ်အထွက်မြောင်းလုပ်ငန်းအနေနဲ့ ၉၈ ဒသမ ၀၀ ရာခိုင်နှုန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်းအနေနဲ့ ၇၇ ဒသမ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖




မြန်မာ့အလင်း

# ကိုယ်ကျင့်သိက္ခာမြှင့်တင်ခြင်းဖြင့် အဂတိလိုက်စားမှု ကင်းစင်စေရေး

အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အန္တရာယ်တစ်ရပ်ဖြစ်သည်။ အဂတိလိုက်စားမှုများကြောင့် ပြည်သူတို့၏ ကိုယ်စိတ်နှစ်ပါးအပေါ် ထိခိုက်စေပြီး လူမှုအဖွဲ့အစည်းများအပေါ် ယုံကြည်ကိုးစားမှုတို့ လျော့နည်း၊ ပျောက်ဆုံးစေသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု၊ တရားမျှတမှုနှင့် ကျင့်ဝတ်တန်ဖိုးတို့ကို အန္တရာယ်ဖြစ်စေနိုင်သည့်အပြင် လူမှုပတ်ဝန်းကျင်တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကိုလည်း ထိခိုက်ပျက်စီးစေနိုင်သည်။

နိုင်ငံ့အန္တရာယ်ဖြစ်သော အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခြင်းဟူသည့် နည်းလမ်းသုံးသွယ်တို့အပြင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားငယ်များအရွယ်ကပင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးမှုများကို ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား ကျောင်းသူလူငယ်များကို အဂတိလိုက်စားမှုနှင့်ပတ်သက်သည့်အသိပညာရရှိရန်၊ အဂတိလိုက်စားမှုကို ရှက်ရွံ့သည့်၊ ဆန့်ကျင်သည့်၊ တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ရောင့်ရဲတင်းတိမ်သော စီးပွားရေးစနစ် အတွေးအခေါ်ကို လေ့လာနိုင်စေရန်၊ လူ့အဖွဲ့အစည်းတွင် အဆင့်အတန်းမြင့်သော နိုင်ငံ့သားကောင်းများ ဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝ သည်းမခံသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးမှုများ ပြုလုပ်နေခြင်းလည်းဖြစ်သည်။

ကျောင်းသားငယ်ရွယ်ဘဝမှပင် စတင်၍ အဂတိလိုက်စားမှုကို လက်မခံ ရွံမုန်းသည့်စိတ်ဓာတ် ဖြစ်ပေါ်လာစေရန်အတွက် ကိုယ်ကျင့်သိက္ခာမြင့်မားရေး၊ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လိုအပ်သည်။ အဂတိလိုက်စားမှုသည် နေရာတိုင်း၊ အဆင့်တိုင်းတွင် ဖြစ်ပေါ်နေပြီး ဓလေ့ထုံးစံတစ်ခုသဖွယ် ပျံ့နှံ့နေသည့် လူ့အဖွဲ့အစည်းတွင် အဂတိလိုက်စားမှုဟူသည် အကျင့်ပျက်မှု၊ ဥပဒေချိုးဖောက်မှု၊ ကျင့်ဝတ်သိက္ခာ လျော့နည်းကျဆင်းမှုအဖြစ် မမြင်တော့ဘဲ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းတစ်ခုအဖြစ်ဖြင့် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် အမြစ်တွယ်နေခြင်းဖြစ်သည်။ အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုတို့ဖြင့် ကြွယ်ဝချမ်းသာလာသည့်အပေါ်တွင် မိမိတို့၏ လုပ်ပိုင်ခွင့်ကြောင့် ဖြစ်ပေါ်လာသည့် ရပိုင်ခွင့်အဖြစ် မက်မောသာယာလာကြသည့်အပြင် တာဝန်ပေါ့လျော့ပျက်ကွက်မှုတို့လည်း ဖြစ်ပေါ်လာတတ်သည်။ သို့ဖြစ်ရာ အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့် ပညာသင်ယူစဉ်ကာလတစ်လျှောက်လုံး ကိုယ်ကျင့်သိက္ခာနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးဆိုင်ရာ လေ့ကျင့်ပျိုးထောင်မှုများကို ထိထိရောက်ရောက် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ရေရှည်တွင် အဂတိလိုက်စားမှုကို လက်မခံသည့်၊ ဆန့်ကျင်တွန်းလှန်လိုသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန် တာဝန်ရှိသူအားလုံးက လေးလေးနက်နက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။

အဂတိလိုက်စားမှု ကင်းစင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန်မှာ နာတာရှည်ဝေဒနာတစ်ရပ်ကို ကုသရသကဲ့သို့ပင် အမြစ်မပြတ်စေကာမူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ ကိုယ်စိတ်နှစ်ပါးတို့ကို ထိခိုက်သည့်အဆင့်သို့ မရောက်ရှိလာစေရန် ထိန်းချုပ်ထားနိုင်ရေးအတွက် ဦးစွာဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေရှည်တွင်မူ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးက အဂတိလိုက်စားမှုအပေါ် လုံးဝလက်မခံ၊ ဆန့်ကျင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အဂတိလိုက်စားမှု ကင်းစင်လာရေး တစ်မျိုးသားလုံးက စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရပါမည့်အကြောင်း။ ။

## နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၃ အောင်)(ပထမနှစ်ဝက်) သင်တန်းနှင့် ဒုတိယနှစ်(ပထမနှစ်ဝက်)သင်တန်းများကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များအပါအဝင်) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား ၉-၁၁-၂၀၂၃ ရက်နေ့၌ ဝန်ကြီးဌာန၏ Website ဖြစ်သည့် https://mcrd.gov.mm၊ ဤတက္ကသိုလ်၏ Website ဖြစ်သည့် https://ucms.edu.mm နှင့် Facebook Page; University of Co-operative and Management, Sagaing တို့တွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ဗိုလ်ချုပ်ဌေးဦး(ငြိမ်း)ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-ဒေါ်နီနီဝင်း မိသားစုက အလှူငွေကျပ် ၂၇၈၀၀၀၀၊(ယာပုံ) မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် သီဟသုဓမ္မ မဏိဇောတဓရ ဆရာကြီး ဦးတင်မောင်ထွေး (နတ်ရေကန်တင်မောင်ထွေး)တို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့မိသားစု၊ ဦးဟန်သိန်း(သစ္စန)၊ ဦးသန်းလှိုင်သစ်(မြန်မာ့အသံ) အား ရည်စူး၍ သမီး ဝါဝါစုလှိုင်မိသားစု၊ ကွမ်းခြံကုန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစံရွှေ(တင်မောင်ထက်-ကွမ်းခြံကုန်း)၊ ချောင်းဆုံမြို့နယ် စာရေးဆရာအသင်း၊ သံဖြူဇရပ်မြို့နယ်စာရေးဆရာအသင်းနှင့် ကြို့ပင်ကောက်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ။



အောင်မျိုးသန့်(ကန့်ဘလူ)၊ ဦးထွန်းငွေ-ဒေါ်ခင်ဌေးမြင့် (သန်လျင်မြို့နယ်)၊ ဦးမြင့်အောင် (ဦးမြင့်အောင် - စစ်သည်ဟောင်း)၊ ကိုလတ်(အဏ္ဏဝါ) မြောက်ဥက္ကလာပမြို့နယ်၊ မုံရွာမြို့နယ်စာရေးဆရာအသင်းနှင့် မြန်အောင်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ မဲခေါင်စာပေဆုရ ဦးဖေသန်း (နေမင်းသန်း)၊ မုံရွာမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌဦးညွန့်စိုး(ရွှေရည်စိုး)နှင့် ဦးမြင့်အောင် (မြင့်အောင်-ရွှေဘိုသား) မုံရွာမြို့နယ်တို့က ငွေကျပ်သုံးသောင်းစီ၊ ဗိုလ်မှူးကြီး မြင့်သိန်း (ငြိမ်း)(မြင့်သိန်းအောင်)က ငွေကျပ်သုံးသိန်းတန်ဖိုးရှိစာအုပ်များ၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ- ကြို့ပင်ကောက်) နှင့် တွဲဖက်အတွင်းရေးမှူး (၃) ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉ - ၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၅**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများ အသင်း အသက်(၈၀)နှစ်အထက် အသင်းဝင်သက်ကြီး ဝန်ထမ်းဟောင်းများ ပူဇော်ပွဲအတွက် ဦးမောင်မောင် (ဂါဒီယန် ဝန်ထမ်းဟောင်း)-ဒေါ်ဥမ္မာ (ခေတ္တဆစ်ဒနီ)က အလှူငွေကျပ်နှစ်သိန်း၊ ဦးတင်မောင်သန်း (စာတည်းမှူးချုပ်-ငြိမ်း) - ဒေါ်ခင်သက်ဆွေက အလှူငွေကျပ် တစ်သိန်း၊ ဦးညီညီ-ဒေါ်တင်တင်နွယ်က အလှူငွေကျပ်တစ်သိန်း၊ ဦးစိုးစိုးနိုင် မိသားစုက အလှူငွေကျပ် ငါးသောင်း၊ ဒေါ်မြင့်မြင့်ဦး(ငြိမ်း)က အလှူငွေကျပ် ငါးသောင်း၊ ဒေါ်စန်းစန်းမြင့်၊ မန်နေဂျာ (ငွေစာရင်း ၊ ငြိမ်း) က အလှူငွေကျပ်ငါးသောင်း၊ ဦးဝင်းတင်မိသားစုက အလှူငွေကျပ် သုံးသောင်း၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်အုန်းမြင့် (ကိုဦးစတိုး)က အလှူငွေကျပ်သုံးသောင်း၊ ဦးကိုကိုနိုင်မိသားစုက အလှူငွေကျပ် နှစ်သောင်း၊ ဦးရန်နိုင်လင်း-ဒေါ်လဲ့လဲ့ဝေလွင်ထွန်း မိသားစုက အလှူငွေကျပ် နှစ်သောင်းနှင့် ဦးခိုင်လွင်မိသားစုက အလှူငွေကျပ် ငါးထောင် စုစုပေါင်း အလှူငွေကျပ် ခြောက်သိန်းငါးသောင်းငါးထောင်ကို နိုဝင်ဘာ ၁၄ ရက်က အသင်းရုံးခန်းတွင် လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူသည်။

သက်ကြီး ပူဇော်ပွဲအတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းပူဇော်လိုပါက ဥက္ကဋ္ဌ ဦးမြင့်ဆွေ (ဖုန်း-၀၉၇၈၅၄၂၀၉၃၀)၊ အတွင်းရေးမှူး ဦးထွန်းလင်းအောင်(ဖုန်း - ၀၉၅၀၀၆၄၇၈) နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း(ဖုန်း-၀၉၇၉၅၂၇၃၅၅၇၊ K-pay)သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**အေးသန်း**
**(စိန်တုံးကြီး)**

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၅** - နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## တာဝန်မှရပ်စဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၀၁ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

### တာဝန်မှရပ်စဲခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ အား တာဝန်မှရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၀၂ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

### ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်မှူးချုပ်ထွန်းထွန်းမြင့် အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ခေတ္တဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတက်ရောက်





နေပြည်တော် နိုဝင်ဘာ ၁၅

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း “အေရိုးဗစ်” အားကစားနည်းသည် အထောက်အကူပြုပစ္စည်း ကိရိယာမလိုဘဲ တစ်ဦးချင်းရော အဖွဲ့လိုက်ပါ ကျန်းမာရေးအတွက် လေ့ကျင့်ကစားနိုင်သည့် အားကစားနည်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်ကစားကြမည်ဆိုပါက “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး” ကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားကစားနိုင်သည့် လူထုအားကစားအသွင်ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း “အေရိုးဗစ်” ပြိုင်ပွဲဝင်အသင်းများသည် မိမိတို့၏ အသင်း အောင်မြင်မှုရရှိရေး အတွက် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အစွမ်းကုန်အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် အကဲဖြတ်ပေးကြမည့် ဒိုင်လူကြီးများသည်လည်း သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတ မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ မိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ပထမနေ့ပွဲစဉ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲကို လူထုအားကစားလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်၊ အားကစားလှုပ်ရှားမှုများတွင် စုပေါင်းလှုပ်ရှားသော အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲပွဲစဉ်များအဖြစ် ကိုးယောက်တွဲအကြီးတန်းပြိုင်ပွဲ၊ Fitness Dance ပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသမီးအသင်း ၁၄ သင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆီးချို၊ သွေးချိုရောဂါ အသိပညာပေးခြင်းနှင့် အခမဲ့စစ်ဆေးဆောင်ရွက်ပေးလျက်ရှိ

ပြင်ဦးလွင် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြင်ဦးလွင်မြို့နယ် ရေငယ်ဘိုးဘွားရိပ်သာ၊ ကျေးလက်ကျန်းမာရေးဌာန / ခွဲများနှင့် စိုးမိုးအိုင်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရွာမကျေးရွာတို့တွင် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းမှစတင်၍ ပြည်သူများအား ဆီးချို၊ သွေးချိုရောဂါ အခမဲ့စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ (know your rick know your response)ဆီးချို၊ သွေးချိုအန္တရာယ် ကာကွယ်ဖို့ ကိုယ်တိုင်သိရှိ ဆင်ခြင်စို့ အထိမ်းအမှတ်နေ့အဖြစ် ပြင်ဦးလွင်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မကူးစက်နိုင်သောရောဂါ ကုသပေးသည့်ဆေးခန်းများ ဖွင့်လှစ်၍ ဆီးချို၊ သွေးချိုရောဂါ အခမဲ့စစ်ဆေးစမ်းသပ်ပေးခြင်း၊ ဆေးဝါးများပံ့ပိုးပေးခြင်းနှင့် ဆီးချို၊ သွေးချိုရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြင်ဦးလွင်မြို့နယ်အတွင်း ပြည်သူ့ကျန်းမာရေးဆေးခန်းနှင့် ကျေးလက်ကျန်းမာရေး ဆေးခန်းတို့၌ အခမဲ့စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# ယခုပညာသင်နှစ်တွင် စက်မှု - စိုက်ပျိုး - မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်ခဲ့ပြီး လာမည့်နှစ်တွင်လည်း ထပ်မံဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၅**
ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပညာရေးစီမံအုပ်ချုပ်မှု သင်တန်းကျောင်း (ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယခုပညာသင်နှစ်တွင် စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ပြီး လာမည့်နှစ်တွင်လည်း ထပ်မံတိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် မြို့နယ်ပညာရေးမှူးများအနေဖြင့် အလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ ယခု သင်တန်းမှ ရရှိသည့် ပညာများကို လက်တွေ့အသုံးချပြီး မိမိမြို့နယ်အတွင်းရှိ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား နှစ်ဦးက လက်ခံရယူသည်။



အဆိုပါ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်ပညာရေးမှူး ၁၀၃ ဦးတက်ရောက်ခဲ့ကြပြီး ဩဂုတ် ၁၆ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ သုံးလကြာ ဖွင့်လှစ်ပို့ချခဲ့သည်။ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စီမံအုပ်ချုပ်မှုကျွမ်းကျင်ပြီး ထိရောက်စွာဆောင်ရွက်တတ်ရန်၊ စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှု စွမ်းရည်များ ပိုမိုမြင့်မား တိုးတက်စေရန်၊ စွမ်းဆောင်ရည်မြင့်မား၍ ထူးချွန်ထက်မြက်သော နိုင်ငံ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊ ပညာရေးမူဝါဒများကို သိရှိလိုက်နာ ဆောင်ရွက်တတ်စေရန်၊ အဆင့်အလိုက် စီမံအုပ်ချုပ်မှု လုပ်ငန်းများကို သိရှိသွားပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှားအယွင်းကင်းစွာ ဆောင်ရွက်တတ်စေရန်၊ ဝန်ထမ်းများ၏ ပင်ကိုအရည်အချင်းများ ထုတ်ဖော်ခွင့်ရရှိစေရန်နှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းအုပ်ကြီးများ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး)များနှင့် တွေ့ဆုံပြီး တက္ကသိုလ်၏ သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ပညာရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သော သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းသည် တက္ကသိုလ်၏ အသက်သွေးကြောဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းကို မှန်ကန်အောင် ဆောင်ရွက်နိုင်မှသာ မိမိတို့ မွေးထုတ်လိုက်သည့် ကျောင်းသားကျောင်းသူများ၏ အရည်အသွေးသည် ထူးချွန်ထက်မြက်လာမည်ဖြစ်ပါကြောင်း ပြောကြားကာ တက်ရောက်လာကြသည့် ပါမောက္ခ (ဌာနမှူး) များ၏ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အကြံပြုဆွေးနွေး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် Center for Research and Innovation သို့ ရောက်ရှိပြီး သုတေသန လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**
အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဦးမင်းသူ၊ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။





အစည်းအဝေးတွင်"အမျိုးသားမြေဥပဒေ(မူကြမ်း)ကို ရေးဆွဲပြုစု၍ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီသို့ တင်ပြရန် လုပ်ငန်းကိစ္စရပ်များ၊ မူကြမ်းရေးသားပြီးစီးထားသည့် အခန်းများကို လုပ်ငန်းအဖွဲ့အနေဖြင့် ဆက်လက်ဆွေးနွေး သုံးသပ်အတည်ပြုကြမည့် နည်းလမ်းများ၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လမ်းညွှန်မှုအရ လုပ်ငန်းကော်မတီက ပေးပို့လာသော အမျိုးသားမြေဥပဒေ မူကြမ်းတွင် ပါဝင်သင့်သည့် အခန်း၊ ခေါင်းစဉ်များ ဒုတိယမူကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရေးဆွဲပြုစု လျက်ရှိသည့် အမျိုးသား မြေဥပဒေတွင် လက်ရှိ ကိုင်တွယ်ကျင့်သုံးနေကြသည့် ဥပဒေများ၌ မြေနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ဖော်ပြချက်များနှင့် ဥပဒေချင်း ဝိရောဓိဖြစ်နေသော အချက်များရှိပါက ဖြေရှင်းပေးနိုင်မည့် အချက်များထည့်သွင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်လျက် ရှိကြောင်း၊ ဒုတိယအကြိမ်အစည်းအဝေးတွင် မြေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအချိန်ကာလ သတ်မှတ်မှုတို့ကို အကြမ်းစတင်ဆွေးနွေးခဲ့ကြပြီး လှည့်လည်စာတွဲနှင့် ထပ်မံအကြံပြုခဲ့မှုများအပေါ် အချောသတ်ပြုစု၍ လုပ်ငန်းကော်မတီသို့ တင်ပြပေးနိုင်ခဲ့ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအပြီးသတ်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် ရုံးခန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၅**
မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် လမ်း(၅၀) အမှတ်(၁၆၀)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ ပုဇွန်တောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းကြိုင်တို့က မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူ ဗဟိုအဖွဲ့ချုပ်ရုံးခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆီမီးထွန်းညှိပူဇော်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက ခြုံပဝါများ လွှမ်းခြုံပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးညွှန်ကြားရေးမှူး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ညွှန်ကြားရေးမှူး၊ ပုဇွန်တောင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဗဟိုအဖွဲ့ချုပ်အတွင်းရေးမှူး ဦးလှရွှေက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

**နောက်(၇၂)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် ကနဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး (၁၆.၁၁.၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်ကမ်းလွန်တွင် အားကောင်းသော မုန်တိုင်းငယ်(Deep Depression)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပါသည်။

ထိုမှတစ်ဆင့် မြောက်- အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ (၁၇.၁၁.၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ ဩရိဿပြည်နယ်ကမ်းလွန်သို့ ရောက်ရှိနိုင်ပြီး (၁၈.၁၁.၂၀၂၃) ရက်နေ့တွင် ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်(Depression)၏အရှိန်ကြောင့် (၁၇.၁၁.၂၀၂၃)ရက်နေ့မှ (၁၈.၁၁.၂၀၂၃) ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု ခန့်မှန်းရသည်။ သို့ဖြစ်ပါ၍ (၁၇.၁၁.၂၀၂၃)ရက်နေ့မှ (၁၈.၁၁.၂၀၂၃) ရက်နေ့အတွင်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်(Depression)၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ မသန်စွမ်းသူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကိုလည်း (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်တွင် ကနဦးစီမံကိန်း (၄) မြို့နယ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်တွင် စီမံကိန်းမြို့နယ် (၁၀) ခုတွင် ဆက်လက်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန် ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံ ပေးနည်းများကို မသန်စွမ်းသူများ သိရှိစေရေးနှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားသမား ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၂၂ ခုနှင့် ကြေးတံဆိပ် ၁၉ ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခုရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံအနက် အဆင့်(၆) နေရာ ရရှိခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ အောင်ပွဲရ မသန်စွမ်း အားကစားသမားများကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ပါကြောင်း၊ မကြာမီကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများတွင်လည်း မသန်စွမ်းသူများအတွက် အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးခြင်းဖြင့် မသန်စွမ်းသူများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားကဏ္ဍတွင် ပါဝင်လှုပ်ရှားနိုင်မှုကို မြှင့်တင်လှုံ့ဆော်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကော်မတီဝင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး/ပြည်နယ် လူမှုရေးဝန်ကြီးများက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❖ *ရွှေဖုံးမှ*

ယခု ၂၀၂၃ ခုနှစ်နိုဝင်ဘာလ ပထမပတ်ကုန်အထိဆိုရင် စီမံကိန်းလုပ်ငန်း တစ်ခုလုံးရဲ့ ၇၈ ဒသမ ၉၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ စီမံကိန်းရာခိုင်နှုန်းပြည့် ပြီးစီးပြီးတော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့ ကျွန်တော်တို့ဌာနအနေနဲ့ ဝန်ထမ်းအင်အား၊ စက်ယန္တရားအင်အားနဲ့ ကြိုးပမ်းဖော်ဆောင်လျက်ရှိပါတယ်" ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ရွှေ့ပြောင်းကျေးရွာများ ပြန်လည်နေရာချထားမှုကို တွေ့ရစဉ်။

အဆိုပါ သူငွေးရေအားလျှပ်စစ်စီမံကိန်းသည် သံတွဲမြို့အနီးရှိ သူငွေးချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်ပြီး စက်တပ်ဆင်အင်အား ၃၇ မဂ္ဂါဝပ် ဓာတ်အားပေးစက် သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်းထုတ်လုပ်ကာ ရခိုင်ပြည်နယ်အတွင်း ဒေသများသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးမပေါ်မှ အစပြုပြီး ပင်လယ်ဝအထိ မိုင် ၇၀ ခန့်ရှည်လျားစွာ စီးဆင်းနေသော သူငွေးချောင်းပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခု တည်ဆောက်နိုင်ရန်အတွက် ၂၀၀၃-၂၀၀၄ ခုနှစ်ခန့်က ဂျပန်နိုင်ငံအခြေစိုက် The Kansai အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့နှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့်ပူးပေါင်းကာ ကနဦး စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ လေ့လာမှုပြုလုပ်ပြီး ဂျပန်နိုင်ငံအခြေစိုက် The Kansai အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့နှင့် ဌာနမှ အင်ဂျင်နီယာများသည် အသေးစိတ်ဒီဇိုင်းပုံစံများ ရေးဆွဲခဲ့ကြကာ အကြိုတည်ဆောက်မှုလုပ်ငန်းများကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြကြောင်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ သိရသည်။



စီမံကိန်းလုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

သူငွေးချောင်းပေါ်တွင် တမံတည်ဆောက်ခြင်း၊ ဝဲဘက်ကမ်း၊ ယာဘက်ကမ်းအသီးသီးတွင် ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် ဓာတ်အားပေးစက်ရုံ စသည့် စီမံကိန်းလုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်းလျာထားချက်နှင့်အညီပြီးစီးရန် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နှစ်စဉ် ပွင့်လင်းရာသီ ခြောက်လခန့်အတွင်း အားစိုက်ဆောင်ရွက်ကြရကြောင်း သိရှိရသည်။

သူငွေးချောင်း၏ မြစ်ပို့ချလွှာသည် ပေ ၁၅၀ ခန့်အထိ ထူထဲရာ အောက်ခံကျောက်သားအမာအထိ ဖယ်ရှား၍ တမံတည်ဆောက်ပါက ငွေကြေးနှင့် အချိန်များစွာ ကုန်ဆုံးနိုင်သည့်အတွက် ရေတားတမံ၏အောက်တွင် ခေတ်မီနည်းပညာဖြင့် စိမ့်ရေတားနံရံကို ပလတ်စတစ်ကွန်ကရစ်ဖြင့် အနက် ၁၅၃ ပေအထိ တည်ဆောက်ခဲ့ရကြောင်း သိရသည်။

စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းနှင့် ရေအားအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းဟူ၍ လုပ်ငန်းအပိုင်းနှစ်ပိုင်းရှိပြီး စီမံကိန်းချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ စီမံကိန်းစခန်း တည်ဆောက်ခြင်း၊ ရေ၊ မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စူးစမ်းလေ့လာတိုင်းတာခြင်းများသည် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် ပါဝင်ကြောင်း၊ စိမ့်ရေတားနံရံ၊ ရေလွှဲဥမင်လိုဏ်၊ ရေယူအဆောက်အအုံ၊ ပင်မတမံ၊ ရေပိုလွှဲ၊ အကူရေပိုလွှဲ၊ ရေထိန်းတံခါးပြွန်၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း၊ ဆွစ်ယာ့ဒ်နှင့် ဓာတ်အားပေးစက်ရုံ စသည်တို့သည် ရေအားအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းတွင် ပါဝင်ကြောင်း သိရသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေဖြင့် စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ရာတွင် ရေဝပ်ဧရိယာအတွင်း ကျရောက်သော ကျေးရွာများအတွက် လူမှုစီးပွားဘဝ အခြေအနေများ မူလထက် ပိုမိုသာလွန်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ပုရစ်၊ မယ်ဝနှင့် ရေကောက်ကျေးရွာသုံးရွာမှ စုစုပေါင်းအိမ်ထောင်စု ၅၀၀ ခန့်ကို ၎င်းတို့ကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ထားသည့် နေရာသစ်သို့ ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ဘာသာရေးအဆောက်အအုံနှင့်လူမှုရေးအဆောက်အအုံများကိုလည်း ရခိုင်ရိုးရာဒေသဓလေ့၊ ဘာသာရေးထုံးတမ်း၊ စံပြကျေးရွာ အင်္ဂါရပ်များ ပြည့်စုံစွာဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ ဆန္ဒနှင့်အညီ ဆောက်လုပ်ပေးခဲ့ကြောင်း၊ အလားတူပင် ဘုန်းတော်ကြီးကျောင်း၊ စေတီ၊ သိမ်၊ စာသင်ကျောင်း၊ ဒေသန္တရဆေးပေးခန်း၊ လူထုတွေ့ဆုံခန်းမ၊ ကျေးရွာစာကြည့်တိုက်၊ အုပ်ချုပ်ရေးမှူးရုံး စသည်တို့ကို မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် ရေအားမှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ စီမံကိန်းအသစ်များ စူးစမ်းလေ့လာခြင်း၊ အသေးစိတ်တိုင်းတာမှု စိစစ်တင်ပြခြင်း၊ စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ခြင်းတို့ကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ဆဲ စီမံကိန်းများအနက် သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် အစောဆုံး တည်ဆောက်ပြီးစီးမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၈၆ ကီလိုဝပ်နာရီသန်းကို မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ပြီး နိုင်ငံအတွင်းရှိ လူဦးရေတစ်သန်းခန့်ကို လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲစေနိုင်ကာ ပြည်သူများသုံးစွဲရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အထောက်အကူပြု ဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွေး၊ ဓာတ်ပုံ - လျှပ်စစ်**

# အတွင်းပူ အပြင်ပူ

သိန်းထွန်း (IR)

❖ **၂၀၂၃ ခုနှစ်ကဆိုရင် ကမ္ဘာကြီးပူနွေးလာစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနဲ့ နိုက်ထရိုက်အောက်ဆိုက်ထုတ်လွှတ်တာ စံချိန်သစ်တင်ခဲ့ပါတယ်တဲ့။ ကာဗွန်ဒိုင်အောက်ဆိုက်ဆိုရင် ၂၀၂၀ ကနေ ၂၀၂၁ အတွင်း တိုးလာတဲ့ပမာဏက ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း ပျမ်းမျှနှစ်စဉ်တိုးတက်နှုန်းထက် ပိုများနေတယ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးက ထုတ်ပြန်ထားတာ တွေ့ရတယ်**

မိုးကုန်တာနဲ့ ဆောင်းအငွေ့အသက်တွေကို တွေ့ထိလာရပြီ။ မနက်အစောပိုင်းဆိုရင် အေးစိမ့်စိမ့်အရသာလေး ထိတွေ့လိုက်ရင် စိတ်ကိုလန်းသွားတာပဲ။ မြောက်ပြန်လေဝင်လာတော့ အအေးဓာတ်လေးလည်းပါလာတယ်။ နေ့ခင်းတော့ မအေးသေးပါဘူး။ မနက်ပိုင်းနဲ့ ညပိုင်းလောက်ပဲ အေးသေးတယ်။

အအေးဓာတ်လေးဝင်လာရင် အပူဒဏ်လျော့ကောင်းပါရဲ့လို့ မျှော်နေရတာ။ မိုးအကုန်၊ ဆောင်းအကူးဆိုပေမယ့် နေကပူလိုက်တာ။ မိုးလေးရွာတုန်းကတော့ ဒီလောက်ပူတယ်လို့ မခံစားရဘူး။ ညပိုင်းမှာ မိုးရွာထားရင် နေ့ခင်းအထိ အအေးဓာတ်လေးရနေတော့ အပူဒဏ်က သိပ်မသိသာဘူး။ အခုဆို မိုးကုန်သလောက်ရှိပြီ။ မိုးအကုန် ဆောင်းအကူးမှာတင်ပဲ အပူဒဏ်က လက်စွမ်းပြနေလိုက်တာ။ ဒါတောင် နွေမရောက်သေးဘူး။ နွေရောက်ရင် ဘယ်လောက်ပူလိုက်မလဲ စဉ်းစားမရဘူး။ အပူဒဏ်က တစ်နှစ်ထက်တစ်နှစ် တိုးလာလိုက်တာ လျော့သွားတယ်လို့ကို မတွေ့မိသေးဘူး။ ကိုယ့်ဆီမှာ ပိုပူလာလို့သာ ပြောရတာ အေးတဲ့နေရာတွေမှာကျပြန်တော့ အအေးလွန်ကဲနေလို့တဲ့။ ရာသီဥတုတွေ ဖောက်ပြန်နေလိုက်တာ။

### ကမ္ဘာ့အပူချိန် တစ်နှစ်ထက်တစ်နှစ်စံချိန်ချိုး

ပြီးခဲ့တဲ့ရက်ပိုင်းက သတင်းတစ်ပုဒ်ဖတ်ရတယ်။ ရာသီဥတုဆိုင်ရာ အချက်အလက်တွေအရ ၂၀၂၃ ခုနှစ်ဟာ တစ်ကမ္ဘာလုံး ပျမ်းမျှအပူချိန် အမြင့်ဆုံးဖြစ်နေတယ်လို့ ဆိုပါတယ်။ ၂၀၂၃ က မကုန်သေးဘူး။ နိုဝင်ဘာလ လဝက်နဲ့ ဒီဇင်ဘာ ကျန်သေးတယ်။ နှစ်မကုန်သေးပေမယ့် လက်ရှိမှတ်တမ်းတွေအရ အပူဆုံးနှစ်ဖြစ်ဖို့ သေချာသလောက်ပဲတဲ့။ ကမ္ဘာ့အပူချိန်မြင့်တက်နေတာက တစ်နှစ်ထက်တစ်နှစ် စံချိန်ချိုးနေလိုက်တာ လျော့ကျမယ့်အခြေအနေ မရှိသေးဘူး။

အခု ၂၀၂၃ ကလည်း စံချိန်ချိုးမယ်ဆိုတဲ့သဘောပေါ့။ မှတ်တမ်းတွေအရ အပူချိန်စံချိန်ချိုးနေသလို လက်တွေ့ခံစားရတာလည်း စံချိန်တင်ရော။ အပူဒဏ်ခံနိုင်ပါတယ်ဆိုတဲ့ အညာသားတောင် ဒီအပူဒဏ်ကို ကျောကော့အောင်ခံနေရတယ်။ နေ့လယ်နေ့ခင်း အပြင်ထွက်လိုက်ရင် အပေါ်ပူ အောက်ပူနဲ့။ အထက်မီး အောက်မီး မုန့်လုပ်တဲ့ အိုးထဲရောက်နေသလား မှတ်ရတယ်။ ထီးလေး၊ ဦးထုပ်လေးလို အဆောင်းတစ်ခုခုမှ မပါရင် အပြင်မထွက်ရဲဘူး။ ပူချက်က ကမ်းကုန်ရော။

အပြင်ထွက်လို့ နေပူတာကိုသာ ပြောရတာပါ။ အိမ်ထဲလည်း မထူးဘူးရယ်။ တစ်ရှိန်ရှိန်နဲ့။ နေစရာမရှိဘူး။ လေတိုက်တဲ့အချိန်ဆို အပူသက်သာတယ်။ ညဘက်လေမတိုက်ရင် အပူရှိန်တွေက အိမ်ထဲလှောင်နေရော။ ကျွန်တော်တို့ငယ်ငယ်က နွေညတွေမှာဆို မအိပ်နိုင်ဘူး။ ပူလို့ဆိုပြီး ခြင်ထောင်မပါဘဲနဲ့လည်း အိပ်လို့ကမရ။ ခြင်က ခွေးဆွဲသလိုပဲ ဝိုင်းဆွဲတာ။ အဲဒီတော့ ခြင်ထောင်ထဲမှာ ယပ်တောင်ခတ်ရင်း အိပ်ရတာပဲ။ ယပ်ခတ်လို့အေးသွားရင် အိပ်ပျော်သွားလိုက်၊ ပူလာရင် နိုးလာလိုက်နဲ့ ချွေးတဒီးဒီး ကျရင်း တစ်ညကုန်ရတာ။ တစ်ခါတလေ ပူလွန်းလို့ အိပ်ခါနီးရင် ရေချိုးပြီး အိပ်တယ်။ ရေချိုးပြီးလို့ ခန္ဓာကိုယ်က အေးနေရင် အိပ်လို့ရသေးတယ်။ အသက်ငယ်သေးတဲ့အချိန်တုန်းကတော့ ညဘက်ရေချိုးအိပ်ရဲတယ်။ သိပ်ပြဿနာမရှိဘူး။ အသက်ကြီးလာတော့ အဲဒီလို မလုပ်ရဲတော့ဘူး။ အသက်ဉာဏ်စောင့်ပြီး နေနေရတယ်။ ကျွန်တော့်အဖေက အညာဘက်မှာ နေတွေအရမ်းပူတဲ့အချိန်တုန်းက heat stroke ဖြစ်ပြီးဆုံးသွားခဲ့တာ။ အညာဘက်မှာ နွေရောက်ရင် သက်ကြီးရွယ်အိုတွေအတွက် အန္တရာယ်များတယ်။ ဒါကြောင့် နေပူတဲ့အချိန်မှာ သက်ကြီးရွယ်အိုတွေနဲ့ ကျန်းမာရေးမကောင်းတဲ့ သူတွေက အနေအထိုင်၊ အသွားအလာနဲ့ အစားအသောက်ကအစ သတိထားရတယ်။ ဒီအပူချိန်ဒဏ်ကို အသက်ငယ်တဲ့ သူတွေတောင် အံကြိတ်ခံနေရတာ။ သူတို့ ဘယ်လိုလုပ်ခံနိုင်မလဲ။

အခုလို နေပူတာကိုတွေ့တော့ ဦးဘရွှေကို သတိရမိတယ်။ ဦးဘရွှေဆိုတာ ကျွန်တော်တို့အိမ်နဲ့ နှစ်အိမ်ကျော်မှာနေတဲ့သူပါ။ ကျွန်တော်တို့ ၁၀ နှစ်သားလောက်က ဦးဘရွှေရဲ့အသက်က ၅၀ ကျော်နေပြီ။ သူက လူပျိုကြီးပါ။ ဦးဘရွှေက သောက်ရေ (ရေချို) ထမ်းရောင်းပါတယ်။ အဲဒီအချိန်က သောက်ရေသန့်ဆိုတာ မရှိသေးဘူး။ သောက်ရေအတွက် ရေချိုထွက်တဲ့ ရေတွင်းကရေကို သုံးရတယ်။ ထမင်းချက်ဖို့အတွက်တော့ ရေချိုဖြစ်ဖြစ်၊ မြစ်ရေဖြစ်ဖြစ် သုံးကြပါတယ်။ မိုးရွာရင်တော့ မိုးရေခံထားပြီး သုံးတဲ့သူတွေလည်းရှိတယ်။ ကျွန်တော်တို့ အိမ်ရေတွင်းက နဲနဲငန်တော့ ရေချိုးဖို့နဲ့ ဆေးကြောဖို့ပဲ သုံးလို့ရတယ်။ သောက်ရေကို ဦးဘရွှေဆီကဖြစ်ဖြစ်၊ ရေစည်လှည်းကဖြစ်ဖြစ် ဝယ်သုံးရတယ်။ ဦးဘရွှေက သံပုံးနှစ်ပုံးကို ထမ်းပိုးနဲ့ထမ်းပြီး ရေမှာတဲ့အိမ်တွေကို လိုက်ပို့ပါတယ်။ သူက တစ်နေ့လုံး ရေချိုမထမ်းပါဘူး။ မနက်ပိုင်း တစ်ပိုင်းပဲပို့တယ်။ မနက် ၆ နာရီလောက်ကနေ ၁၀ နာရီ အထိလောက်ပဲ။ အဲဒါပြီးရင် ဦးဘရွှေ နားပါပြီ။ အဲဒီဦးဘရွှေမှာ အခြားထူးခြားချက်တွေ အများကြီးပဲ။

### ဦးထုပ်နဲ့ဖိနပ် ချွတ်ရမယ်မထင်

အဲဒီထူးခြားတွေထဲက တစ်ခုက ဦးဘရွှေဟာ အင်္ကျီဝတ်လေ့မရှိတာနဲ့ ဖိနပ်စီးလေ့မရှိတာပါပဲ။ ဦးဘရွှေဟာ စွပ်ကျယ်တောင် ဝတ်လေ့မရှိပါဘူး။ ကျောပြောင်ကြီးပဲ နေတယ်။ ဒါပေမယ့် ဦးဘရွှေ အင်္ကျီဝတ်တဲ့အချိန်၊ ဖိနပ်စီးတဲ့အချိန်နဲ့ ဦးထုပ်ဆောင်းတဲ့အချိန်တွေ ရှိပါတယ်။ ဘုန်းကြီးကျောင်း သီလသွားယူရင် ဦးဘရွှေ အင်္ကျီဝတ်ပါတယ်။ ဖိနပ်စီးပါတယ်။ ဘုန်းကြီးကျောင်းသွားတာမဟုတ်ဘဲ ကျန်တဲ့အချိန်မှာ ဦးဘရွှေ အင်္ကျီဝတ်ပြီဆိုရင် သေချာတယ် ရာသီဥတု တော်တော်အေးလို့ပဲ။ နောက်ပြီး ဦးဘရွှေ ဖိနပ်စီးပြီး ဦးထုပ်ဆောင်းထားပြီဆိုရင် အဲဒီနေ့က ချစ်ချစ်တောက် နေပူလို့ပဲ။ ဖေဖေနဲ့မေမေက ဦးဘရွှေ ဖိနပ်စီးပြီး ဦးထုပ်ဆောင်းထားတာ တွေ့ရင်ဟဲ့ နေအရမ်းပူနေပြီ ဦးဘရွှေ ဖိနပ်စီးပြီး ဦးထုပ်ဆောင်းထားတာ တွေ့လားလို့ ကျွန်တော်တို့ကို ပြောပါတယ်။ အဲဒီ ဦးဘရွှေကြီး ဆုံးသွားတာကြာပါပြီ။ အခုနေ ဦးဘရွှေကြီး ရှိနေသေးတယ်ဆိုရင် သူ့ခမျာ ဦးထုပ်နဲ့ ဖိနပ်ကို ချွတ်ရမယ်ကို မထင်ဘူး။ ထီးတွေ ဘာတွေတောင် ဆောင်းချင်ဆောင်းနေဦးမှာ။

ကျွန်တော်တို့ကတော့ အပူဒဏ်ကာကွယ်နိုင်ဖို့ အရိုးတံရှည်နီးယပ်တောင်လေး တဖျပ်ဖျပ်နဲ့ နတ်ကတော်လိုလို ဘာလိုလို။ အဲဒီလောက်ပူတာက ကိုယ့်နေရာ တစ်ခုတည်းတော့ မဟုတ်ဘူး။ နေရာအနှံ့ပဲ။ ပူတာလည်း မပြောနဲ့။ ပူအောင်လုပ်နေကြတာကိုး။ အပူချိန်မတက်ဖို့၊ ထိန်းသိမ်းဖို့ အော်တဲ့သူတွေမှာ အသံပြာအောင် အော်နေတဲ့ကြားက အပူချိန်တက်ရတဲ့ အကြောင်းရင်းတွေက လျော့မကျတဲ့အပြင် တိုးတောင် နေလိုက်သေး။ မှတ်ကရော။

### ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးက ထုတ်ပြန်ထား

၂၀၂၃ ခုနှစ်ကဆိုရင် ကမ္ဘာကြီး ပူနွေးလာစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနဲ့ နိုက်ထရိုက်အောက်ဆိုက် ထုတ်လွှတ်တာ စံချိန်သစ်တင်ခဲ့ပါတယ်တဲ့။ ကာဗွန်ဒိုင်အောက်ဆိုက်ဆိုရင် ၂၀၂၀ ကနေ ၂၀၂၁ အတွင်း တိုးလာတဲ့ ပမာဏက ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း ပျမ်းမျှနှစ်စဉ် တိုးတက်နှုန်းထက် ပိုများနေတယ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးက ထုတ်ပြန်ထားတာ တွေ့ရတယ်။ တိုးမှာပေါ့။ ကျောက်မီးသွေး၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ သုံးနေတာတွေက လျော့မှမလျော့ဘဲကိုး။ အဲဒီကျောက်ဖြစ်ရုပ်ကြွင်းလောင်စာတွေ သုံးတဲ့အတွက် တစ်ကမ္ဘာလုံး ဖန်လုံအိမ်ဓာတ်ငွေ့ရဲ့ ၇၅ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက်တွေရဲ့ ၉၀ ရာခိုင်နှုန်းကို ထုတ်လွှတ်နေတယ်ဆိုပဲ။ အဲဒါတွေကပဲ ကမ္ဘာ့ရာသီဥတုကို ပြောင်းလဲအောင် လုပ်နေတယ်။

ခက်တာက အဲဒီရုပ်ကြွင်းလောင်စာတွေက မသုံးလို့လည်း မဖြစ်ပြန်ဘူး။ သူ့တို့ကို အစားထိုးမယ့် နည်းပညာတွေ တိုးတက်လာပေမယ့် အဲဒါတွေအကုန်လုံးကို အစားမထိုးနိုင်သေးဘူး။ အချို့နည်းပညာတွေက စရိတ်စကများနေတော့ နိုင်ငံတိုင်း လက်လှမ်းမမီနိုင်ဘူးဖြစ်နေတယ်။ အဲဒါ ဒီကွာဟချက်က ကမ္ဘာကြီးပူနွေးလာတာနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ ကြီးမားတဲ့ အခက်အခဲ ဖြစ်နေတာတွေ့ရတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီအတိုင်းကြီးဆက်သွားဖို့က မဖြစ်နိုင်ဘူး။ နောက်ပိုင်း ဒီထက်ပိုဆိုးလာရင်းနဲ့ ပြန်ပြင်လို့မရတဲ့ အခြေအနေရောက်တော့မယ်။ အခုတောင် ကမ္ဘာ့အပူချိန်တွေ မြင့်မြင့်လာလို့ ပျောက်ကွယ်သွားတဲ့ သတ္တဝါမျိုးစိတ်တွေ ရှိနေပြီ။ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေ ပျက်စီးနေပြီ။ အချို့ပျက်စီးတာတွေနဲ့ ပျောက်ကွယ်သွားတာတွေက ဘယ်လိုမှ ပြန်မရနိုင်တော့ဘူး။ သဘာဝလောကကြီးက သက်ရှိတွေ အချင်းချင်း၊ သက်ရှိနဲ့သက်မဲ့တွေအကြား တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပြီး ရှင်သန်ရပ်တည်နေကြတာ။ အဲဒီ ချိတ်ဆက်ထားတဲ့ ကွင်းဆက်တွေ ပြတ်သွားရင် လူသားတွေ ဘယ်လိုများ ရပ်တည်ကြမလဲ။ ပြင်ဖို့ အခုအချိန်မီနေသေးတယ်။

### ဟန်ချက်ညီလိုက်နာဖို့လိုနေသေး

နောက်ထပ် သတင်းတစ်ပုဒ်က ကမ္ဘာ့ရာသီဥတုမှာ အရေးကြီးတဲ့ ဝင်ရိုးစွန်းကရေခဲမြစ်တွေ အရည်ပျော်တာ အရေးကြီးအခြေအနေရောက်နေပြီဆိုပဲ။ အပူချိန်တွေ မြင့်လာလို့ဖြစ်လာတဲ့ နောက်ဆက်တွဲပြဿနာတွေက တစ်ခုပြီးတစ်ခု မီးခိုးကြွက်လျှောက်ပဲ။ အဲဒါကြောင့် ကမ္ဘာကြီးပူနွေးလာတာကို တားဆီးဖို့အတွက် ၂၀၅၀ မှာ ကာဗွန်ထုတ်လွှတ်တာကို သုညအထိလျှော့ချဖို့ ကမ်ပိန်းတွေ ကုလသမဂ္ဂက လုပ်နေတာ တွေ့ရပါတယ်။ အဲဒီကမ်ပိန်းမှာဆိုရင် ရုပ်ကြွင်းလောင်စာအသုံးပြုနေကြတာတွေကနေ ကာဗွန်ထုတ်လွှတ်တာနည်းအောင် လုပ်ဖို့ အစီအစဉ်လည်းပါတယ်။ အဲဒါကလည်း လုပ်တော့လုပ်ပါရဲ့၊ လိုက်နာမှုနဲ့ ထိရောက်မှုက နှောင့်နှေးနေသေးတယ်လို့ သိရပါတယ်။ အချို့ကလည်း သူတို့ အကျိုးစီးပွားနဲ့ အမြတ်အစွန်းကို ထိခိုက်မှာစိုးလို့ ထိထိရောက်ရောက် မလုပ်ကြတာလည်းရှိနေတုန်းပဲ။ အားလုံးဟန်ချက်ညီလိုက်နာဖို့

စာမျက်နှာ ၇ သို့

❒ **သစ်ပင်တစ်ပင်ဟာ တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက် ၁၅၀ ကီလိုဂရမ်အထိ စုပ်ယူထားနိုင်တယ်လို့ဆိုတယ်။ ကမ္ဘာ့သစ်တောတွေက ကာဗွန် ၂၉၆ ဂစ်ဂါတန်လောက်ကို မြေပြင်အထက်နဲ့ မြေအောက်ဇီဝလောင်စာအဖြစ်နဲ့ ထိန်းထားနိုင်ပါတယ်တဲ့။ သစ်ပင်တစ်ပင်နဲ့တစ်ပင်တော့ စုပ်ယူနိုင်တဲ့ပမာဏ မတူဘူးပေါ့။ သစ်တော၊ သစ်ပင်တွေက အဲဒီလိုအဘက်ဘက်က အကျိုးပြုနေပေမယ့် သစ်တောပြုန်းတီးတာတွေနဲ့ သစ်တောအရည်အသွေးကျဆင်းနေတာတွေက ကြောက်ခမန်းလိလိပါပဲလို့ ကုလသမဂ္ဂအစားအစာနဲ့ စိုက်ပျိုးရေးအဖွဲ့ကြီးက ပြောထားတာတွေ့ရပါတယ်။ အဲဒီထဲမှာ လူဦးရေတိုးလာလို့ မြို့ပြတွေကျယ်ပြန့်လာတာ၊ စိုက်ပျိုးမြေချဲ့ထွင်လာတာတွေကလည်း သစ်တောပြုန်းတီးတာတွေဖြစ်လာတယ်။ တစ်ဖက်မှာ သစ်တောပြုန်းတီးတာတွေရှိနေလို့ တစ်ဖက်မှာ သစ်တောတွေကို ထိန်းသိမ်းတာ၊ စိုက်ပျိုးတာတွေကို ရှိနေရင် ခုသာခံသာရှိနိုင်ပါသေးတယ်။ အဲဒီထိန်းသိမ်းတာတွေမရှိရင်တော့ ပျက်စီးတာတွေက တစ်နွယ်ငင်တစ်စင်ပါ အတောသတ်နိုင်မယ်မထင်ဘူး**

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြား ဆက်ကပ်ပူဇော်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြား ဆက်ကပ်ပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာများနှင့် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌက ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူမည် ဖြစ်သည့်အတွက် စုစုပေါင်း ရွှေစင် ၃၇ ပိဿာ ၅၈ ကျပ်သား ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ပြည်သူများ ပါဝင်လှူဒါန်းနိုင်ရန်နှင့် လိုအပ်သော ရွှေစင်ရွှေပြားနှင့် အလှူတော်ငွေများရရှိရန် သတင်းစာများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား တို့မှ အသိပေးနှိုးဆော်သွားရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစေရေး၊ ရေရှည်ခိုင်ခံ့စေရေး၊ ကြည်ညိုဖွယ်ဖြစ်စေရေးကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်ကပ်လှူခဲ့သည့် အတွေ့အကြုံများကို အခြေခံပြီး အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ကာ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။(ယာပုံ)

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အား ရွှေစင်ရွှေပြား ဆက်ကပ်ပူဇော်နိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားမှုနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ထားမှုကို လည်းကောင်း၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည်က ရွှေစင်ရွှေပြား ဆက်ကပ် ပူဇော်နိုင်ရေးအတွက် ယခင်ကပ်လှူခဲ့သည့် အတွေ့အကြုံများနှင့် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လပွတ္တာမြို့နယ်၌ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေး အသိပညာပေးဟောပြော

**လပွတ္တာ နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထက(၃)ကျောင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပညာရေးဌာန ပူးပေါင်း၍ မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၅ ရက်က ကျင်းပသည်။



အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်အေး ဦးဆောင်သည့်အဖွဲ့က အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ဥပဒေ စည်းကမ်းနှင့်အညီ ဆောင်ရွက်သည့် မီးဖိုချောင်ထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ ဆေးရုံဆေးခန်းထွက်အမှိုက်၊ ခြံထွက်အမှိုက်၊ စက်ရုံ၊ အလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်နှင့် သာမန်အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်နိုင်ရေး၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် မိမိနေအိမ်မှစတင်၍ မိမိပတ်ဝန်းကျင်၊ ကျောင်းများတွင် အမှိုက်ကို စနစ်တကျခွဲခြား စွန့်ပစ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်စေရေး ပညာပေးဆွေးနွေးသည်။

လပွတ္တာမြို့နယ်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေးအတွက် အသိပညာပေး ဟောပြောပွဲများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

## တောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံ

**တောင်ကြီး နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တောင်ကြီးမြို့နယ်အတွင်းရှိပြည်သူများအား ကိုဗစ် -၁၉ ရောဂါ ပထမအကြိမ် ထပ်ဆောင်းကာကွယ်ဆေးနှင့် အပိုထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံခြင်း (Phase 29) ကို နိုဝင်ဘာ ၁၃ ရက်က တောင်ကြီးမြို့နယ် စလဲကျေးလက်ကျန်းမာရေးဌာန၊ ဖက်ကွန်ကျေးရွာ ဓမ္မသုခဘုန်းကြီးကျောင်းစုရပ်တို့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ပထမအကြိမ်ထပ်ဆောင်းကာကွယ်ဆေးနှင့် အပိုထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းဆောင်ရွက်နေမှုများကို ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ကာကွယ်ဆေးထိုးစုရပ်များတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

*စာမျက်နှာ ၆ မှ*

လိုနေသေးတဲ့သဘောပေ့ါ။

ကမ္ဘာကြီးပူနွေးလာစေတဲ့ အကြောင်းရင်းထဲမှာ သစ်တောတွေပျက်စီးတာနဲ့ တောမီးလောင်တာတွေလည်းပါတယ်။ နောက်ပြီး သစ်တော၊ သစ်ပင်တွေက ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကြတဲ့အတွက် လူတွေရဲ့ အပြုအမူကြောင့် ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တွေကို လျော့ကျအောင် တစ်ဖက်တစ်လမ်းက အကျိုးပြုနေပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို ပင်လယ်သမုဒ္ဒရာတွေ၊ မြေဆီလွှာတွေနဲ့ သစ်တောတွေက အဓိကစုပ်ယူတာကိုး။ သစ်ပင်တွေက လူသားတွေ အသက်ရှူနေတဲ့ အောက်ဆီဂျင်ကို ထုတ်ပေးပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူတာမို့ လူသားတွေအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေပါ။ သစ်တောတွေဟာ မြေပေါ်မှာရှိတဲ့ သတ္တဝါနဲ့ သစ်ပင်တွေ ၈၀ ရာခိုင်နှုန်းရဲ့ မှီခိုအားထားရာ နေအိမ်ကြီးတွေလည်း ဖြစ်တယ်။ လူသားတွေလည်း အသက်မွေးဝမ်းကျောင်းဖို့နဲ့ နေ့စဉ်စားဝတ်နေရေး လိုအပ်ချက်အတွက် သစ်တောတွေကို အားထားနေကြရတယ်။

သစ်ပင်တွေ အကျိုးပြုတာတော့ အခြားမကြည့်နဲ့။ ကိုယ့်ပတ်ဝန်းကိုပဲ ကြည့်ကြည့်လိုက်။ သစ်ပင်ရှိတဲ့နေရာနဲ့ သစ်ပင်မရှိတဲ့နေရာ။ ဘယ်လောက်များ ကွာသလဲလို့။ ကျွန်တော်တို့ ငယ်ငယ်က အဒေါ်ဖြစ်သူ ရွာကနေ မြို့တက်လာရင် ပြောရှာတယ်။ ငါ့တူရယ် မင်းတို့ဆီလာရတာ လူကို အရှင်လတ်လတ် ကျပ်တိုက်ထားသလိုပါလားကွယ်တဲ့လေ။ ပြောမှာပေ့ါ ပူတာကိုး။ နေပူတာချင်းအတူတူ ရွာမှာက မန်ကျည်းပင်လို သစ်ကြီးဝါးကြီးတွေနဲ့ အေးနေတယ်။ ကျွန်တော်တို့ဆီမှာက သစ်ပင်ကြီးတွေ မရှိဘူးလေ။ လေတိုက်ရင်တောင် လေပူတွေဆိုတော့ ဘယ်နေနိုင်မလဲ။ နေပူတာချင်းအတူတူ သစ်ပင်ရှိတာနဲ့ မရှိတာ အဲဒီလိုကွာတာ။

### သစ်ပင်တစ်ပင်ဟာ ကာဗွန်ဒိုင်အောက်ဆိုက် ၁၅၀ ကီလိုဂရမ် စုပ်ယူထားနိုင်

နောက်ပြီး သစ်ပင်တစ်ပင်ဟာ တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက် ၁၅၀ ကီလိုဂရမ်အထိ စုပ်ယူထားနိုင်တယ်လို့ ဆိုတယ်။ ကမ္ဘာ့သစ်တောတွေက ကာဗွန် ၂၉၆ ဂစ်ဂါတန်လောက်ကို မြေပြင်အထက်နဲ့ မြေအောက်ဇီဝလောင်စာအဖြစ်နဲ့ ထိန်းထားနိုင်ပါတယ်တဲ့။ သစ်ပင်တစ်ပင်နဲ့တစ်ပင်တော့ စုပ်ယူနိုင်တဲ့ ပမာဏ မတူဘူးပေ့ါ။ သစ်တော၊ သစ်ပင်တွေက အဲဒီလိုအဘက်ဘက်က အကျိုးပြုနေပေမယ့် သစ်တောပြုန်းတီးတာတွေနဲ့ သစ်တောအရည်အသွေး ကျဆင်းနေတာတွေက ကြောက်ခမန်းလိလိ ပါပဲလို့ ကုလသမဂ္ဂအစားအစာနဲ့ စိုက်ပျိုးရေးအဖွဲ့ကြီးက ပြောထားတာတွေ့ရပါတယ်။ အဲဒီထဲမှာ လူဦးရေတိုးလာလို့ မြို့ပြတွေ ကျယ်ပြန့်လာတာ၊ စိုက်ပျိုးမြေ ချဲ့ထွင်လာတာတွေကလည်း သစ်တောပြုန်းတီးတာတွေ ဖြစ်လာတယ်။ တစ်ဖက်မှာ သစ်တောပြုန်းတီးတာတွေရှိနေလို့ တစ်ဖက်မှာ သစ်တောတွေကို ထိန်းသိမ်းတာ၊ စိုက်ပျိုးတာတွေကိုရှိနေရင် ခုသာခံသာ ရှိနိုင်ပါသေးတယ်။ အဲဒီထိန်းသိမ်းတာတွေ မရှိရင်တော့ ပျက်စီးတာတွေက တစ်နွယ်ငင် တစ်စင်ပါ အတောသတ်နိုင်မယ်မထင်ဘူး။

လတ်တလောအထိတော့ ကမ္ဘာ့အပူချိန် လျှော့ချနိုင်အောင် အပြင်းအထန်ကြိုးစားနေရဆဲပဲ။ ကမ္ဘာ့အပူချိန်မြင့်ရတဲ့ အကြောင်းရင်းတွေကို ကာကွယ်ထိန်းသိမ်းဖို့နဲ့ ပြည့်ဖြိုးမြဲစွမ်းအင်လို သဘာဝနဲ့ လိုက်လျောညီထွေရှိတဲ့ နည်းပညာနဲ့နေထိုင်မှုပုံစံတွေ အစားထိုးဖို့ ကြိုးစားနေကြတာ ကြာပါပြီ။ အဲဒီထဲမှာ ထိန်းသိမ်းဖို့ခက်နေတာက လူတွေရဲ့ လောဘဆိုတဲ့ အရင်းခံအကြောင်းတရားပါပဲ။ ရလေ လိုလေဆိုတဲ့ လူတွေရဲ့ မဆုံးနိုင်တဲ့ လောဘပြိုင်ဆိုင်မှုက ကမ္ဘာလောကတစ်ခုလုံးကို ယိုယွင်းပျက်စီးစေတဲ့ အဓိကတရားခံလို့ပြောရင် လွန်မယ်မထင်ဘူး။ ကိုယ်ကျိုးစီးပွားနှင့် အများအကျိုး စီးပွားယှဉ်ရင် အများအကျိုးစီးပွားက နောက်ကောက်ကျနေတယ်။ ကိုယ်စီကိုယ်စီရဲ့ အကျိုးစီးပွားတွေ ထိပ်တန်းတင်လာကြတော့ အများကောင်းကျိုးဆိုတာ နေပူပူအောက်က တံလျှပ်လို ဖြစ်နေတယ်။ အများအကျိုးစီးပွားတွေ လုပ်ကြတဲ့အခါ တာဝန်တစ်ရပ်ဆိုတာထက် အသိတရားနဲ့ လိုက်နာစောင့်ထိန်းအပ်တဲ့ စိတ်သဘောထား၊ ကျင့်ဝတ်နဲ့ အမူအကျင့်တွေအပေါ် အများကြီးမူတည်ပါတယ်။ အချို့လည်း ကျင့်ဝတ်တွေကို အသိတရားရှိရှိ လိုက်နာကြတယ်။ အချို့ကလည်း အသိတရားမဲ့စွာနဲ့ ဖောက်ဖျက်ကြတယ်။

လူမှုပတ်ဝန်းကျင်တစ်ခုမှာ အသိတရားမြင့်မားပြီး ကျင့်ဝတ်တွေလိုက်နာကြရင် အဲဒီပတ်ဝန်းကျင်ဟာ ရေရှည်တိုးတက်မြင့်မားလာမှာပါ။ အဲဒီလိုမဟုတ်ဘဲ အသိတရားမဲ့ပြီး ဖောက်ဖျက်တဲ့သူများလာရင်တော့ ပျက်စီးယိုယွင်းတဲ့ဘက်ကို ဦးတည်သွားမှာပဲ။ တိုးတက်တယ်ဆိုရင်တောင် တစ်ဖက်မှာ ပေးဆပ်လိုက်ရတဲ့ ကြီးကြီးမားမား ဆုံးရှုံးတာတွေ၊ ထိခိုက်တာတွေ ရှိလာပါလိမ့်မယ်။

လူအများနဲ့ နေထိုင်လုပ်ကိုင်ကြတဲ့အခါ လူ့သဘောသဘာဝတွေကို ရှောင်လွှဲဖို့ အခက်သား။ လူ့သဘောသဘာဝတွေထဲမှာ လောဘရှိတတ်တဲ့ သဘာဝလည်း ပါပါတယ်။ ဒါပေမယ့် လောဘတွေက ရှိသင့်တာ၊ ဖြစ်သင့်တာထက် အတိုင်းအဆမဲ့ မီးတောက်လို လောင်မြိုက်နေရင်တော့ သူတစ်ပါးတွေကိုပါ ထိခိုက်စေပါတယ်။ အခုဆို လူတွေရဲ့လောဘကြောင့်ကမ္ဘာကြီးရဲ့အပူချိန်ကို တိုးပြီးရင်းတိုးနေတာ လက်တွေ့မြင်တဲ့အတိုင်းပဲ။ လူတွေရဲ့အဇ္ဈတ္တအတွင်းက လောဘအပူတွေ ထပ်ပြီးများနေရင်တော့ အပြင်လောကရဲ့ အပူရှိန်တွေက ဆက်ပြီးမြင့်နေဦးမယ်ထင်ပါရဲ့။ ။

# KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၅**

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာ ၁၃ ရက်တွင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းသိရှိရပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးတို့အပေါ် များစွာထိခိုက်စေပြီး မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇာံဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇာံဂေလီအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီနှင့် ဘုံးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ ၁၃ ရက်နေ့တွင် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမအချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ လူသားတံတိုင်းအဖြစ်အသုံးချရန် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## မြန်မာနိုင်ငံ ဇာံဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်အား KNPP နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက နိုဝင်ဘာ ၁၃ ရက်နေ့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမ အချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းနှင့် ပညာရေးဝန်ထမ်းများအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းကို မြန်မာနိုင်ငံဇာံဂေလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇာံဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ယုံကြည်ခြင်း ဇာံဂေလီအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများ ထိခိုက်ပျက်စီးစေသည့်အတွက် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်အား ယုံကြည်ခြင်း ဇာံဂေလီအသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ယုံကြည်ခြင်း ဇာံဂေလီအသင်းတော်(ပဲခူး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများ ထိခိုက်ပျက်စီးစေသည့်အတွက် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်အား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နိုဝင်ဘာ ၁၃ ရက်နေ့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်၍ ပညာရေးကဏ္ဍကို ဖျက်ဆီးခဲ့သည့်လုပ်ရပ်အပေါ် ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နိုဝင်ဘာ ၁၃ ရက်နေ့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းနှင့် ပညာရေးအဆောက်အဦများအား ဖျက်ဆီးခြင်းတို့ကို လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို PDF နှင့် KNPP အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်ဖျက်ဆီးပြီး ဆရာ ဆရာမအချို့အား လူသားတံတိုင်းအဖြစ်အသုံးချရန် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်းကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကာ တက္ကသိုလ်ဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ယင်းအကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံ၏အရေးပါသောပညာရေးကဏ္ဍကို ဖျက်ဆီးမှုတစ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ်ကို ၁၃-၁၁-၂၀၂၃ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ကျောင်းသား ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား စာပေပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများနှင့် ကလေးသူငယ်များကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာ အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးကာ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယင်းအကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံ၏အရေးပါသော ပညာရေးကဏ္ဍကို ဖျက်ဆီးမှုတစ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနာ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နိုဝင်ဘာ ၁၃ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမ အချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်ခဲ့သည့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအား လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သနာ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက် (၇/၂၀၂၃)

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ၁၃ ရက်နေ့ နံနက် ၇ နာရီ ၅၀ ခန့်က ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်သမားများက လက်နက်ကြီး လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

၂။ ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနေသော ပညာရေးဆိုင်ရာ အဆောက်အအုံနှင့် ဆရာဆရာမများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် စစ်ရေးပစ်မှတ်မဟုတ်သည့်နေရာများကို တိုက်ခိုက်ခြင်းဖြစ်ပြီး လက်ခံနိုင်ဖွယ်မရှိသည့်လုပ်ရပ်အဖြစ် ရှုမြင်သုံးသပ်ရပါသည်။

၃။ ကယားပြည်နယ်အတွင်း အရေးပါသောလွိုင်ကော်တက္ကသိုလ်ကို ယခုလို အကြမ်းဖက်ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ပြီး ပညာရေးဆိုင်ရာအဆောက်အဦများ ထိခိုက်ပျက်စီးစေသည့် လုပ်ရပ်များအား လုပ်ဆောင်ခဲ့သည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး ယင်းတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ စစ်ရေးပစ်မှတ်မဟုတ်သော ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများ ထိခိုက်ပျက်စီးစေခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အတွက် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာ ၁၃ ရက်တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းသိရှိရပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါအကြမ်းဖက်သမားများ၏ လူမဆန်သည့်ယုတ်မာတိုက်ခိုက်မှုဖြစ်ပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် ပညာရေးကဏ္ဍကို ပျက်စီးစေသည့် ရည်ရွယ်ချက် ရှိရှိဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်တွင် လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးကာ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ နိုင်ငံ၏အရေးပါသော ပညာရေးကဏ္ဍကို ဖျက်ဆီးခဲ့ခြင်းအတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ ၁၃ ရက်နေ့တွင် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းကို မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးကာ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံ၏အရေးပါသော ပညာရေးကဏ္ဍကို ဖျက်ဆီးမှုတစ်ရပ်ဖြစ်သောကြောင့် ပိန္နဲကုန်းရခိုင်ဂျာမေဗလီက အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ ၁၃ ရက်နေ့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ အချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်အဖွဲ့များအား ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၅

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်နှင့် တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ညောင်ရွှေမြို့တွင် ၂ ဒသမ ၆၃ လက်မ၊ ကန်ကြီးထောင့်မြို့တွင် ၁ ဒသမ ၉၀ လက်မ၊ ပင်လောင်းမြို့တွင် ၀ ဒသမ ၇၈ လက်မနှင့် သာပေါင်းမြို့တွင် ၀ ဒသမ ၆၈ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

# ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် လှိုင်ကော်မြို့တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့် ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများအနေနဲ့ကတော့ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ လောက်ကိုင်နားလေးမှာရှိတဲ့ ရှင်ခုတ်ထန်စခန်းကို ဝင်ရောက်တိုက်ခိုက်နေတာရှိတယ်။ ပြီးရင်တော့ အမှတ်(၂၉၀)ခြေလျင်တပ်ရင်း တာမိုးညဲကိုဝင်ရောက်တိုက်ခိုက်နေတာ ရှိတယ်။ တာမိုးညဲမှာတော့ မနက်ကတည်းက Drone တွေနဲ့ Drop Bomb အလုံးရာကျော်လောက်ချပြီး တိုက်ခိုက်နေတာရှိတယ်။ တာမိုးညဲမှာရှိနေတဲ့ အရာရှိ/ စစ်သည်များ၊ တပ်မှီခိုမိသားစုဝင်များနဲ့ အပြင်းအထန် ခုခံတိုက်ခိုက်နေတာရှိပါတယ်။ ဒီအရာရှိ / စစ်သည်/ ရဲမေတွေရဲ့ နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ် ကြံ့ကြံ့ခံခုခံကာကွယ်မှုကို နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အကြီးအကဲများအနေနဲ့ အထူးအသိအမှတ်ပြုကြောင်း ပထမဦးဆုံး ပြောကြားလိုပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေမှာတော့ **ထရွှန်အိုင် စခန်းကို** အင်အားအလုံးအရင်းနဲ့ အကြိမ်ကြိမ်တိုက်ခိုက်တာမျိုးရှိတယ်။ **ထရွှန်အိုင် စခန်းရဲ့** ကြံ့ကြံ့ခံခုခံမှုကြောင့် ရန်သူအကျအဆုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားတယ်။ အနီးအနားမှာ လိုက်လံရှင်းလင်းလျက် ရှိတယ်။ ဒီ ထရွှန်အိုင်စခန်းဟာ ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနဲ့ မြန်မာ ဆက်သွယ်ဆောင်ရွက်နေတဲ့နေရာမှာ အရေးကြီးတဲ့ စခန်းဖြစ်ပါတယ်။ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရခိုင်ပြည်သူလူထုတစ်ရပ်လုံးကို တိုးတက်အောင်လုပ်ပေးမယ်ဆိုတဲ့ AA ကိုယ်တိုင် ဖျက်ဆီးပစ်နေတာ ဖြစ်တယ်လို့ပြောချင်ပါတယ်။ ဒီနေ့ လွိုင်ကော်မှာတော့ လွိုင်ကော်အကျဉ်းထောင်ကို အပြင်းအထန် တိုက်ခိုက်နေတာမျိုးရှိတယ်။ မနက်ပိုင်းမှာတော့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှာ လာရောက်ပစ်ခတ်ပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနားမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ရန်သူကျဆုံးမှုများရှိပြီးတော့ ပြန်လည်ဆုတ်ခွာသွားတာရှိပါတယ်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်မှာတော့ အချို့သောစခန်းတွေကို Drop Bomb တွေနဲ့ပဲ Drone သုံးပြီးတော့ Drop Bomb နဲ့ပဲ အကြိမ်ကြိမ်လာရောက်တိုက်ခိုက်နေတာရှိတယ်။ အချို့သောစခန်းတွေကို စစ်နည်းဗျူဟာအရ ပြန်လည်ပေါင်းစည်းခဲ့ရတာမျိုးတွေရှိပါတယ်။ ပြောင်းလဲလာတဲ့ စစ်နည်းဗျူဟာတွေအရ Drone သုံးပြီး တိုက်ခိုက်ခံရမှုကို အမြန်ဆုံး ထိရောက်စွာကာကွယ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ထောက်ခံအားပေးမှု အရေးကြီးပါတယ်။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ အသက်သွေးချွေးများပေးပြီး နိုင်ငံတော်ကို တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကာလမှာ တစ်နိုင်ငံလုံး အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ လက်အောက်ကို ရောက်နေတာဖြစ်တယ်။ ရန်ကုန်မြို့ ကွက်ကွက်ကလေးပဲ ကျန်နေတယ်ဆိုတာတောင်မှ ရန်ကုန်မြို့မှာ အင်းစိန်ဒေသသည် KNDO လက်ထဲမှာ ရောက်နေတာဖြစ်တယ်။ ဒီအခြေအနေကနေပြီး တပ်မတော်အနေနဲ့ နိုင်ငံတစ်ခုလုံးကို ပြန်လည်တည်ဆောက်ခဲ့ရခြင်းဖြစ်တယ်။ ခုချိန်မှာလည်း နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြို့ပေါင်း ၃၀ ကျော်မှာ တပ်မတော်ထောက်ခံမှုတွေ တပ်မတော်သားတွေနဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ထောက်ခံမှုများ တစ်ခဲနက် ပြုလုပ်နေတာရှိတယ်။ ရှေ့တန်းရောက် စစ်သည်လုံခြုံရေး ဆောင်ရွက်နေတဲ့ လုံခြုံရေးအဖွဲ့အစည်းများအတွက် အလှူငွေများ ပေးအပ်နေတာရှိပါတယ်။ မနေ့က လွိုင်ကော်တက္ကသိုလ်မှာ အကြမ်းဖက်များအနေနဲ့ ဝင်ရောက်တိုက်ခိုက်ပြီး လွိုင်ကော်တက္ကသိုလ်က ဝန်ထမ်းတစ်ဦးကို သတ်ဖြတ်သွားတဲ့ပုံတွေ ပျံ့နှံ့သွားတာကို တွေ့ရမှာ ဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ကယ်ထုတ်နိုင်ခဲ့တဲ့ အရေအတွက်တွေ ပညာရေးဆိုင်ရာ အဆောက်အဦတွေကို စစ်ရေးပစ်မှတ်အဖြစ် တိုက်ခိုက်ခဲ့တဲ့ဟာတွေ ကျွန်တော်တို့ ထုတ်ပြန်ခဲ့ပါတယ်။ ဒီနေရာမှာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ အဖွဲ့အစည်းအသီးသီးရဲ့ ဝိုင်းဝန်းဆန့်ကျင်မှုကြောင့် ဒီမနက်မှာပဲ သူတို့ကပဲ ကယ်တင်သလိုဝါဒဖြန့်မှုမျိုးတွေ ပြုလုပ်တာဖြစ်ပါတယ်။ ဒါဟာ ထိရောက်မှုတစ်ခုပါပဲ၊ ကမ္ဘာမှာလည်း ပညာရေး၊ ကျန်းမာရေးပတ်သက်တဲ့ အဆောက်အဦတွေ၊ လုပ်ငန်းတွေကို ထိခိုက်တာမျိုး ဘယ်သူမှလက်ခံမှာ မဟုတ်ပါဘူး။ ဒါမျိုးလုပ်ငန်းတွေကို အကြမ်းဖက်သောင်းကျန်းသူတွေ၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့က ဦးဆောင်ပြီးလုပ်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အကြိမ်ကြိမ်လည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ တချို့မြို့တွေမှာ ဝင်ရောက်



စီးနင်းပြီးတော့ ပြည်သူပိုင်အဆောက်အဦတွေ ဖျက်ဆီးတာတွေ၊ ကျန်းမာရေးနဲ့ ပညာရေး အဆောက်အဦတွေမှာ ခံကတုတ်ကျင်းအဖြစ် လုပ်ပြီး ဘန်ကာများဆောက်လုပ်၊ ဆက်သွယ်ရေးမြောင်းတွေ တူးပြီးတော့ စစ်စခန်းအဖြစ် တည်ဆောက်ထားတာတွေဟာ အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ဒါတွေကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်ဖို့ နိုင်ငံတကာနဲ့ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပက စောင့်ကြည့်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့လည်း ဆန့်ကျင်ဖို့၊ အဖြစ်မှန်သိဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ပြီး တိုက်ခိုက်နေတဲ့ သောင်းကျန်းသူတွေ၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေ၊ ပြည်သူလူထုအပေါ်မှာ ရက်စက်ကြမ်းကြုတ်မှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ဒါတွေကို ကာကွယ်ပေးနေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အရာရှိ/စစ်သည်/ရဲမေများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပူးပေါင်းဆောင်ရွက်နေတဲ့ တာဝန်သိပြည်သူများရဲ့ လုပ်ဆောင်ချက်များကို နိုင်ငံတော်အကြီးအကဲအပါအဝင် တပ်မတော်အကြီးအကဲများ အားလုံးက အသိအမှတ်ပြုပါတယ်။ အထူးလေးစားလျက်ရှိပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဒီအကြမ်းဖက်လုပ်ရပ်တွေကို အမြစ်ပြတ်သည်ထိချေမှုန်းသွားနိုင်ရေး တတ်နိုင်တဲ့ဘက်ကနေ ဝိုင်းဝန်းကူညီထောက်ပံ့အားပေးကြဖို့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အား ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၅

**စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး** (ယာပုံ) **တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။**

ဒုတိယဝန်ကြီးအား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက နည်းပညာဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာ (Technical Audit Team ၏ Overview Report)အရ ဆောင်ရွက်ရမည့်လုပ်ငန်း ၄၆၁ ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန် လုပ်ငန်း (Remaining Work) ၁၉၁ ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ Danieli Co., Ltd ၏ နည်းပညာဆိုင်ရာ အစီရင်ခံစာ (Danieli Technical Report) ပါ အချက်အလက်များအပေါ် ဆောင်ရွက်မှုပြီးစီးမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက စက်ရုံလည်ပတ်နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ ရရှိသည့် ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက်



တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ် ဆောင်ရွက်ရန်နှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ငွေသုံးစွဲမှုများနှင့်ပတ်သက်၍ လုပ်ငန်းခေါင်းစဉ် တစ်ခုချင်းအလိုက် အသေးစိတ် တွက်ချက်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးပါက ဖြစ်ပေါ်လာမည့် အကျိုးရလဒ်များကိုလည်း ပြုစုထားရန်၊ ခေတ်မီနည်းပညာများ ရရှိရေးဆောင်ရွက်ရန်၊ ကိုင်တွယ်မောင်းနှင်ရမည့် စက်ပစ္စည်း ကိရိယာများနှင့် ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူရန်၊ အလုပ်ရုံခွဲအလိုက် ပြုပြင်ပြီးဖြစ်သည့် စက်ပစ္စည်းကိရိယာများကို စမ်းသပ်မောင်းနှင်ရန်နှင့် အမြဲမပြတ် စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံအတွင်းရှိ Iron Ore Sizing Plant ၌ ဝန်ဖြင့် စက်စမ်းသပ်လည်ပတ် ဆောင်ရွက်နေမှု၊ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအလုပ်ရုံတွင် ပိုက်လိုင်းတပ်ဆင်မှု လုပ်ငန်းဆောင်ရွက်နေမှု၊ စွန့်ပစ်အပူသုံးစက် ရေနွေးအိုး၏ အမိုးအကာလုပ်ငန်း ဆောင်ရွက်နေမှု၊ သံသတ္တုရိုင်း ပြုပြင်ရေးအလုပ်ရုံမှ စွန့်ပစ်ရေအနည်ချကန်၌ ရေဝင်ရောက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ - ကိုရီးယားဗဟိုဌာနမှ မြန်မာနိုင်ငံခရီးသွားကဏ္ဍအတွက် ဗီဒီယိုအစီအစဉ်များ လာရောက်ရိုက်ကူးမည်

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍများမြှင့်တင်ရေးအတွက် ရည်ရွယ်၍ အာဆီယံ-ကိုရီးယားဗဟိုဌာန၏အကူအညီဖြင့် မြန်မာနိုင်ငံရှိ ရန်ကုန်မြို့နှင့် ပုဂံမြို့များရှိ ဗိသုကာနှင့်ယဉ်ကျေးမှုနေရာများ၊ အထင်ကရနေရာများတွင် ခရီးသွားမြှင့်တင်ရေး ဗီဒီယိုအစီအစဉ်များကို နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ ဒီဇင်ဘာလအထိ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗီဒီယိုရိုက်ကူးမှု အစီအစဉ်များတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရား၊ ကန်တော်ကြီးပတ်ဝန်းကျင်ရှုခင်းများ၊ ဆူးလေဘုရားနှင့် အနီးပတ်ဝန်းကျင်ရှိ မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံမြင်ကွင်းများ၊ ဝန်ကြီးများရုံး၊ ဆူးလေဘုရားလမ်း အမျိုးသားပြတိုက်(ရန်ကုန်)၊ Time City၊ အောင်ဇေယျတံတားနှင့် မြစ်ရှုခင်းစသည့် အခြားအထင်ကရနေရာများတွင် ရိုက်ကူးမည်ဖြစ်သည်။

ယင်းအစီအစဉ်များ ရိုက်ကူးအပြီးတွင် အာဆီယံ-ကိုရီးယား ဗဟိုဌာန ၏ Youtube၊ Instagram နှင့် Facebook တို့တွင် လွှင့်တင်မည်ဖြစ်ရာ မြန်မာနိုင်ငံရှိ ရန်ကုန်နှင့်ပုဂံမြို့တို့တွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်သင့်သည့်နေရာများကို အလည်အပတ်လာရောက်နိုင်ရေး ဖိတ်ခေါ်သွားဖြစ်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ဘူးများပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူး ၂၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း " စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို တပ်မတော် ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးရန် ဆောင်ရွက်စဉ်။





# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ပြည်မြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၌ အခြေပြု၍ ပြည်မြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၆ ဦး၊ ခွဲစိတ်ရောဂါ ခြောက်ဦး၊ သားဖွား၊ မီးယပ်ရောဂါ ၁၁ ဦး၊ ကလေး ရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၇၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ ၄၇ ဦး၊ မျက်စိရောဂါ ၁၀၀ နှင့် သွားရောဂါ ၂၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက် လူနာ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀ နှင့် ဓာတ်ခွဲ စမ်းသပ်လူနာ ၁၈ ဦး စုစုပေါင်း ၄၃၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-



ဦးသုမန

**ဦးသုမန**
**ငှက်သိုက်တောရကျောင်းတိုက် ပြည်မြို့**

ဦးပဉ္စင်းလည်း မျက်စိတစ်ဖက် ကြည့်မကောင်းလို့ လာပြတာပါ။ ဦးပဉ္စင်း စာကြည့်တယ်။ စာကြည့်တော့ မျက်စိက ပါဝါအားနည်းသွားလို့လား၊ ဒါမှမဟုတ် မျက်စိ တစ်ခုခုဖြစ်နေလို့လားဆိုတာ ဦးပဉ္စင်းအနေနဲ့ မရှင်းဘူးလေ။ မေးကြည့်လိုက်တော့ တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့ထဲမှာ မျက်စိ ပါရဂူပါတယ်ဆိုလို့ လာပြတာပါ။ အဲဒါနဲ့ ရောဂါဝေဒနာရှိတဲ့ သံဃာတော်တွေပါ ခေါ်လာပြီး လာပြကြတာပါ။ ဦးပဉ္စင်းက အခြားတော့ ထူးထူးထွေထွေမရှိပါဘူး။ မျက်စိပါဝါ အားနည်းတာလို့ ဆရာဝန်က ပြောပါတယ်။ ဦးပဉ္စင်းကို မျက်စိပါဝါအားတွေ ချိန်းရမယ်လို့ ပြောပြီး မျက်စဉ်းခတ်ဖို့ မျက်စဉ်းတွေပေးလိုက်တယ်။ အခုလိုဆေးအဖွဲ့တွေ လာရောက်ကုသတဲ့အခါမှာ ဦးပဉ္စင်းတို့ရဲ့ ဆေးကုသဖို့ ခက်ခဲတဲ့ ဒါယကာ၊ ဒါယိကာမတွေလည်း အများကြီး။ တချို့ ဒါယကာ၊ ဒါယိကာမတွေကျတော့ ဆေးကုသချင်ပေမယ့်လည်း အပြင်ဆေးခန်းတွေမှာ ကုသဖို့ ငွေရေးကြေးရေး မတတ်နိုင်ကြဘူး။ နောက်တစ်ခါ စားဝတ်နေရေးအတွက် အလုပ်လုပ်နေရတာကြောင့် အချိန်မပေးနိုင်ကြတာလည်းပါတယ်။ အခုလို ကိုယ့်ဒေသ၊ ကိုယ့်နယ်မြေ၊ ကိုယ့်ရပ်ကွက်ကို ရောက်လာတော့ နီးနီးနားနားမှာပဲ ကုသခွင့်ရတာပေါ့။ မတတ်နိုင်တာတွေလည်း မရှိတော့ဘူး။ ရောဂါနဲ့ပတ်သက်တဲ့ စမ်းသပ်မှုတွေ ပြုလုပ်ပေးတယ်။ ခွဲစိတ်စရာရှိလည်း ခွဲစိတ်ကုသပေးတယ်။ အကုန်လုံးကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် အများအကျိုးအတွက်ကို ဒီဒါယကာကြီးတွေ ဆောင်ရွက်ပေးတယ်။ ဒါယကာ၊ ဒါယိကာမတွေရော၊ ဦးပဉ္စင်းတို့ရော မျက်စိနဲ့ပတ်သက်ရင် မျက်စိအကျိုးတရားတွေ၊ နားနဲ့ပတ်သက်ရင် နားအကျိုးတရားတွေ ကုသမှုခံယူရတဲ့အတွက် အကုန်လုံးအတွက် ဦးပဉ္စင်းတို့ သာဓုခေါ်ပါတယ်။



မသင်းယုနိုင်

**မသင်းယုနိုင်**
**နဝင်းရပ်ကွက်၊ ပြည်မြို့**

ကလေးနားထဲ ကျောက်ခဲဝင်ထားတာ နှစ်လလောက်ရှိပြီ။ အပြင်မှာပြတာ ငွေမရှိလို့။ ဆရာဝန်ကပြောတယ်။ လောလောဆယ် ဒီမှာကုလို့သွေးထွက်တယ်ဆိုလို့ရှိရင် ဆေးရုံကြီးမှာ သူ့ဆရာရှိတယ်။ လက်မှတ်ရေးပေးလိုက်မယ်လို့ ပြောတယ်။ သွားပြကြည့်။ တကယ်လို့မှ သွေးမထွက်ဘူးဆိုရင် ဒီမှာတစ်ခါတည်း ထုတ်ပေးမယ်။ တကယ်လည်း ထုတ်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ ကလေး ရောဂါခံစားရတာ ကြည့်ပြီး ညညဆိုအိပ်လို့တောင် မပျော်ဘူး။ ကျောက်ခဲမထွက်မှာစိုးလို့။ ကလေးကိုလည်း အနာသက်သာအောင် ဟိုဘက် ဒီဘက်စောင်းအိပ်ဖို့ ပြောရပါတယ်။ အခုလို ကလေးနားထဲက ကျောက်ခဲကို ထုတ်ပေးလိုက်တဲ့အတွက် ခွဲစိတ်ပေးတဲ့ ဆရာဝန်ကြီးနဲ့ တာဝန်ရှိသူတွေအကုန်လုံးကို ကျေးဇူးတင်ပါတယ်။ ကလေးကို အပြင်ဆေးခန်းမှာပြဖို့ လုပ်ပေမယ့် ငွေက မရှိသေးဘူး။ လကုန်မှ လကုန်မှ ပြမယ်လို့လုပ်တိုင်း ငွေမရှိတာကြောင့် မပြဖြစ်ဘူး။ ငွေမရှိတဲ့အချိန်မှာ အခုလိုကုသပေးတဲ့အတွက် တကယ်ကို ကျေးဇူးတင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေ၊ ဆေးလာကုသပေးတဲ့ ဆရာဝန်ကြီးတွေနဲ့ အဖွဲ့ဝင်တွေအကုန်လုံးကို အထူးကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**သတင်းစဉ်**





# ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသည့် ကုလ ကုန်တင်ကားများကို အစ္စရေးက ဂါဇာဒေသသို့ ဝင်ရောက်ခွင့်ပြု

**ဂါဇာ နိုဝင်ဘာ ၁၅**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးအကူအညီများ တင်ဆောင်လာသည့် ကုလသမဂ္ဂ ကုန်တင်ကားများကို စက်သုံးဆီပြန်လည် ဖြည့်တင်းရန်အတွက် ဂါဇာဒေသသို့ ဝင်ရောက်ခွင့်ပေးမည်ဟု အစ္စရေးက ပြောသည်။

ဂါဇာဒေသသို့ စက်သုံးဆီများ ပေးပို့မှုကို အစ္စရေးက ငြင်းဆိုထားသည်။ ဟားမားစ်အုပ်စုက စစ်ရေးရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်သည်ဟု ဆိုကာ ထိုသို့ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ စက်သုံးဆီပြတ်လပ်မှုသည် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိပက္ခကို ပို၍ဆိုးရွားစေသည်။ ကုလသမဂ္ဂ ထရပ်ကားများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို တင်ဆောင်လာပြီး ဂါဇာတောင်ပိုင်းသို့ ဝင်ရောက်လာမည်ဟု နိုဝင်ဘာ ၁၅ ရက်တွင် ပါလက်စတိုင်းဘက်၌ လုပ်ငန်းဆောင်တာများ လုပ်ဆောင်နေသည့် အစ္စရေးအဖွဲ့အစည်းက ပြောသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာများဖြစ်ပေါ်မှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာမှ ဝေဖန်မှုများ တိုးလာစဉ် လူမှုကွန်ရက်မီဒီယာပေါ်၌ ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ သက်သာချောင်ချိရေးနှင့် အလုပ်သမားအေဂျင်စီက စက်သုံးဆီ ပေးပို့နိုင်ရေးအတွက် မေတ္တာရပ်ခံခဲ့သည်။ ဟားမားစ်နှင့် ထိပ်တိုက်တွေ့ဆုံမှုအပြီး ပထမဦးဆုံးအကြိမ်အဖြစ် အကန့်အသတ်ဖြင့် စက်သုံးဆီ တင်သွင်းခွင့်ပေးမှု ဖြစ်လာကောင်း ဖြစ်လာနိုင်သည်ဟုလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**



စက်သုံးဆီတင်ကားများ အီဂျစ်မှ ဂါဇာသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာသည်ကို တွေ့ရစဉ်။

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာပြီး ရေကြီးရေလျှံဖြစ်ပွားကာ သုံးဦးပျောက်ဆုံး

**ဟနွိုင်း နိုဝင်ဘာ ၁၅**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် ယခုသီတင်းပတ် အစောပိုင်းကတည်းက မိုးသည်းထန်စွာရွာခဲ့သောကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး လူသုံးဦးပျောက်ဆုံးလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလမ်းညွှန်ကော်မတီက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားလိုက်သည်။

တပ်မတော်၊ ရဲတပ်ဖွဲ့နှင့်ဒေသဆိုင်ရာ ရေဘေးနှင့် မုန်တိုင်းအန္တရာယ် ကာကွယ်ရေးအသင်းအဖွဲ့များပါဝင်သော လူ ၄၀ ပါအဖွဲ့သည် ကွမ်းတီပြည်နယ် ဟွမ်းဗှာဒေသတွင် ရေနှင့် မျောပါပျောက်ဆုံးခဲ့သော စုံတွဲတစ်တွဲကို ရှာဖွေလျက်ရှိကြောင်း ဗီယက်နမ်သတင်းတွင် ဖော်ပြသည်။



ဗင်လင်ဒေသရှိ လာဝှာဆည်တွင် ငါးဖမ်းလျက်ရှိသော လူတစ်ဦးလည်း ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ၎င်း၏ပစ္စည်းများကို အဆိုပါဒေသတွင် ရှာဖွေတွေ့ရှိ အတည်ပြုနိုင်ခဲ့သည်။ ကွမ်းတီပြည်နယ်နှင့် ဒါနန်မြို့တို့တွင် လူနေအိမ်ခြေ ၁၃၀၀ ထက်မနည်း ရေလွှမ်းမိုးခဲ့သည်။

မိုးသည်းထန်စွာ ရွာခဲ့သောကြောင့် တောင်ကုန်းထူထပ်သောဒေသများတွင် မြေပြိုကျခြင်းအန္တရာယ်ကို ကြုံတွေ့ခဲ့ပြီး မြေနိမ့်ဒေသများရေနစ်မြုပ်ခဲ့ကာ လမ်းပေါင်းများစွာလည်း ပျက်စီးခဲ့သည်။

ယခုနှစ် ၁၀ လတာ ကာလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့်လူပေါင်း ၁၃၀ သေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းများဖြစ်ခဲ့ပြီး ၁၃၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အထွေထွေစာရင်းရုံး၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# ဂျာမနီနိုင်ငံ၌ ဒုက္ခသည်များအပေါ် တိုက်ခိုက်မှုများပြားလာ

**ဘာလင် နိုဝင်ဘာ ၁၅**

ဂျာမနီနိုင်ငံ၌ ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းခံသူများနှင့် ၎င်းတို့၏ နေအိမ်များကိုတိုက်ခိုက်ခံရမှုများ များပြားလာသည်။ ယခုနှစ်ပထမကိုးလအတွင်း တိုက်ခိုက်မှုပေါင်း ၁၅၁၅ ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် တိုက်ခိုက်မှုပေါင်း ၁၄၄ ကြိမ် တိုးလာခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံသို့ ခိုလှုံခွင့်တောင်းခံရန် ရောက်ရှိလာသူများ အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရသည်ဟု လက်ဝဲပါတီမှ နိုင်ငံရေးသမား ကလဲရာဘီယွန်ဂျာက ပြောကြားပြီး ဒုက္ခသည်များကို အကာအကွယ်ပေးရန် နိုင်ငံသားများနှင့် နိုင်ငံရေးသမားများထံ တောင်းဆိုခဲ့သည်။

၂၀၂၂ခုနှစ် ဂျာမနီနိုင်ငံသို့ ဒုက္ခသည်များ အလုံးအရင်း ဝင်ရောက်လာပြီးနောက် အစိုးရသည် အမျိုးမျိုးသောစည်းကမ်းတင်းကျပ်မှုကို ပြုလုပ်ခဲ့သည်။ နယ်စပ်တင်းကျပ်မှုအပါအဝင် စည်းကမ်းတင်းကျပ်မှုများလုပ်ဆောင်ခဲ့ပြီး ဘဏ္ဍာရေးအရ မက်လုံးပေးမှုများကို လျှော့ချခဲ့သည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံသို့ ခရီးသွားဝင်ရောက်မှု အမြင့်ဆုံးရောက်လာ

**တိုကျို နိုဝင်ဘာ ၁၅**

ဂျပန်နိုင်ငံသို့ အောက်တိုဘာလတွင် ဝင်ရောက်လာသော နိုင်ငံခြားခရီးသွားအရေအတွက်မှာ ၂၅၁၆၅၀၀ အထိ ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်က အလားတူလကထက် ၀ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း နိုဝင်ဘာ ၁၅ ရက်တွင် ဖော်ပြထားသော အစိုးရအချက်အလက်အရ သိရသည်။

ဂျပန်နိုင်ငံသို့ လစဉ် နိုင်ငံခြားခရီးသွားဝင်ရောက်မှု အရေအတွက်သည် ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီက ပမာဏထက် ပထမဆုံးအကြိမ် ကျော်လွန်သွားပြီဖြစ်သည်။ ဂျပန်နိုင်ငံသို့ နောက်ဆုံးဝင်ရောက်လာသော နိုင်ငံခြားခရီးသွားအရေအတွက်မှာ ပြီးခဲ့သည့်နှစ် အလားတူလကထက် ငါးဆခန့် မြင့်တက်လာကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ခရီးသွားဝင်ရောက်မှုပမာဏသည် ၁၉၈၉၁၁၀၀ ရှိပြီး ကပ်ရောဂါမတိုင်မီကာလ၏ ၇၃ ဒသမ ၉ ရာခိုင်နှုန်း ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# မိုဇမ်ဘစ်နိုင်ငံ၌ နှစ်လအတွင်း ကာလဝမ်းရောဂါကြောင့် လူပေါင်း ၁၅၀ သေဆုံးမှုဖြစ်ပွား

**မာပူတို နိုဝင်ဘာ ၁၅**

မိုဇမ်ဘစ်နိုင်ငံ၌ လွန်ခဲ့သည့် နှစ်လအတွင်း ကာလဝမ်းရောဂါကြောင့် လူပေါင်း ၁၅၀ ထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း၊ သေဆုံးသူအများစုမှာ နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများမှဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။



နောက်ဆုံးကာလဝမ်းရောဂါဖြစ်ပွားမှုက နိုင်ငံအလယ်ပိုင်း ဇမ်ဘီဇီယာပြည်နယ် ဂီလီခရိုင်တွင် အများဆုံးဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်တွင် အစိုးရအဖွဲ့အစည်းအဝေးတစ်ခု ပြုလုပ်ပြီးနောက် ဝန်ကြီးများကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဖီလီမာအိုဆွာဇီက မိုဇမ်ဘစ်နိုင်ငံ၏ မြို့တော် မာပူတို၌ မီဒီယာသို့ ပြောသည်။

စက်တင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ မိုဇမ်ဘစ်နိုင်ငံတစ်ဝန်း ကာလဝမ်းရောဂါဖြစ်ပွားသူပေါင်း ၃၆၉၃၀ ရှိကြောင်း ၎င်းကဆက်ပြောသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကာလဝမ်းရောဂါဖြစ်ပွားသူ ၇၀ ရှိပြီး ၆၂ ဦးကို ဆေးရုံပို့ဆောင်ထားရကြောင်း၊ လွန်ခဲ့သည့် တစ်ပတ်အတွင်း ကာလဝမ်းရောဂါ ထပ်မံဖြစ်ပွားသူ ၅၀၅ ဦး ရှိကြောင်းနှင့် ထပ်မံသေဆုံးသူမရှိကြောင်း သိရသည်။

မိုဇမ်ဘစ်နိုင်ငံ၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ယခုနှစ် မေလအထိ ကာလဝမ်းရောဂါဖြစ်ပွားသူပေါင်း ၃၀၀၀၀ ကျော် ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် ၁၄၁ ဦး သေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

**ဆင်ဟွာ**

# ကန့်ဘလူခရိုင်၏ စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှု



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော စပါး၊ ဆန်ဈေးနှုန်းများအနေဖြင့် ရွှေဘိုပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၄၈၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၀ နှင့် နွေစပါး ရွှေဝါထွန်း စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၃၀၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကန့်ဘလူခရိုင်မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးသို့ အိတ်ရေ ၅၀၀၊ တန်အားဖြင့် ၂၅ တန် စီးထွက်ခဲ့ကြောင်း ဒေသခံဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

**DOCA (စစ်ကိုင်း)**

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်၊ ပြောင်းနှင့် ဖရဲသီးတင်ပို့

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်အတွင်း ဆန် ၄၁၆ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၂၃၁ သန်း၊ ဆန်ကွဲ ၁၉၂ ဒသမ ၀၀ တန်၊ တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၈၄ သန်း၊ ပြောင်း ၆၀၀ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၅၆ သန်းနှင့် ဖရဲသီး ၅၁ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၇ သန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ဆေးဝါးပစ္စည်း ၂၄၄၂၀၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၂၈ သန်း၊ တာယာအလုံး ၇၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၄ သန်း၊ စက္ကူလိပ် ၂၃ ဒသမ ၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၁၄ သန်း၊ ထွန်စက် လေးစီး၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၃၅ သန်း၊ ကားအပိုပစ္စည်း ၂ ဒသမ ၆၂ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၇ သန်း၊ ဖော့ ၁ ဒသမ ၅၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၁ သန်းနှင့် ကုန်စုံ ၁၃၉ ဒသမ ၉၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၁၂ သန်း တင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ် နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် နိုဝင်ဘာ ၁၄ ရက်တွင် တစ်ယွမ်လျှင် ၄၄၆ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

**(DOT လွယ်ဂျယ်)**

## ကန့်ဘလူခရိုင်အတွင်းဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိရာ သီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းများ ပိုမိုကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စိုက်ပျိုးသူတောင်သူများ ဝယ်ယူအသုံးပြုလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူခရိုင်၌ နိုဝင်ဘာလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ဈေးနှုန်းများမှာ ပန်းဖူး (၅၀ ကီလို) တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ မျှားကမ္ဘာ (၅၀ ကီလို) တစ်အိတ်လျှင် ငွေကျပ် ၇၆၀၀၀၊ ကွန်ပေါင်း (10:10:5) (၅၀ ကီလို) တစ်အိတ်လျှင် ငွေကျပ် ၇၆၀၀၀ ၊ ကွန်ပေါင်း (15:15:15) (၅၀ ကီလို) တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀၊ ပိုတက် (၅၀ ကီလို) တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ နှင့် ရွှေတောနစ် ၅၀၀ စီစီ တစ်ဘူးလျှင် ငွေကျပ် ၁၁၅၀၀၊ မိုရယ်လ်မုန်း ၅၀၀ စီစီ တစ်ဘူးလျှင် ငွေကျပ် ၂၅၅၀၀၊ ဟတ်ကာ ၅၀၀ စီစီ တစ်ဘူးလျှင် ငွေကျပ် ၂၄၅၀၀၊ AP ဇာပြာ ၅၀၀ စီစီ တစ်ဘူးလျှင် ငွေကျပ် ၁၇၅၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း စိုက်ပျိုးရေးသုံးဆေးနှင့် ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်ထံမှ သိရသည်။

**DOCA (စစ်ကိုင်း)**

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန်အမေရိကန် ဒေါ်လာ ၀ ဒသမ ၃၁၃၈ သန်းရှိကြောင်း သိရှိရသည်။

ပို့ကုန်ပစ္စည်းများ တင်ပို့မှုအနေဖြင့် မန်ကျည်းစေ့ ၁၃၃ တန်၊ ဆီးဖတ် ၁၀၂ တန်၊ ချင်း (အစို) ၁၉ တန်၊ အုန်းသီးခြောက် ၂၉ တန်၊ ကွမ်းသီး ၃၁ ဒသမ ၅ တန်၊ ငါးမြစ်ချင်း (၁-၂) ၃၄ ဒသမ ၃၂ တန်၊ ငါးမြစ်ချင်း (၂-၃) ၃၆ ဒသမ ၀၉၆ တန်၊ ငါးမြစ်ချင်း (၃-၅) ၄၆ ဒသမ ၄၆၄ တန်၊ ငါးသိုင်းခေါင်းပွ (၅-၈) ၄ ဒသမ ၉၆ တန်၊ ငါးသိုင်းခေါင်းပွ (၈ ကီလိုအထက်) ၅ ဒသမ ၁၈၄ တန်၊ ငါးသလောက် (၈၀၀-၁၀၀၀) ၂ ဒသမ ၃၃၈ တန်၊ ငါးသလောက် (၁၀၀၀-၁၂၀၀) ၁ ဒသမ ၉၀၇ တန်၊ ငါးသလောက် (၁၂၀၀-၁၅၀၀) ၀ ဒသမ ၄၄ တန်နှင့် ဆီးယိုထုပ် ၁၀ တန်တို့ကို တင်ပို့နိုင်ခဲ့သည်။

ဒေါ်လာငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၂၆ ဒသမ ၀၀ တာကာနှင့် တစ်တာကာလျှင် ၂၇ ကျပ်ဖြစ်ကြောင်း သိရသည်။

**(DOT စစ်တွေ)**

## ဈေးနှုန်းအနည်းငယ်ပိုမို၍ အရောင်းအဝယ်ဖြစ်နေသည့် အစေ့ထုတ်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ အစေ့ထုတ်ပြောင်းများ စက်တင်ဘာလ တတိယပတ်မှစတင်၍ ဝင်ရောက်ခဲ့ပြီး နိုဝင်ဘာလ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၉၀၀၊ တန်အားဖြင့် ၂၂ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နိုဝင်ဘာလပထမပတ်နှင့် ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက နိုဝင်ဘာလပထမပတ်တွင် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၆၈၀၀ နှင့် နိုဝင်ဘာလ ဒုတိယပတ်တွင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

## ၁၅.၁၁.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညွှန့်မထ | ဧရာမင်း | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရှေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၆၃၀၀ | ၁၅၀၀၀ | ၅၃၅၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၄၀၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၉၈၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၉၀၀ | ၁၈၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၆၀၀ | ၁၇၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၉၀၀ | ၄၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၄၅၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၃၅၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၅၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | | ၁၂၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ပေါ်ဆန်းဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ငွေကျပ် ၁၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၊ မုံရွာနှင့် ပြည်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၀၊ သကြား တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၅၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ငွေကျပ် ၂၀၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၄၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် ရန်ကုန်နှင့် ပျဉ်းမနားတွင် ငွေကျပ် ၂၀၀၊ နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀ ဈေးကျခဲ့ပါသည်။

## Ming Xuechang(မြီရှောက်ချန်း)၊ Ming Guoping(မြီကော်ဖျင်း)(ခ)Ming Xiaoping (မြီရှောက်ဖျင်း)၊ Ming Julan(မြီကျွီလန်)နှင့် Ming Zhenzhen(မြီကျိန်းကျိန်း)တို့ကို ဥပဒေအရအရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း Online လိမ်လည်မှုများ၊ လူကိုသွေးဆောင်ဆွဲခေါ်မှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသော Ming Xuechang (မြီရှောက်ချန်း)၊ Ming Guoping (မြီကော်ဖျင်း)(ခ) Ming Xiaoping (မြီရှောက်ဖျင်း)၊ Ming Julan (မြီကျွီလန်) နှင့် Ming Zhenzhen (မြီကျိန်းကျိန်း) တို့ကို ဥပဒေအရအရေးယူရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**


Ming Xuechang(မြီရှောက်ချန်း)


Ming Guoping(မြီကော်ဖျင်း)(ခ) Ming Xiaoping (မြီရှောက်ဖျင်း)


Ming Julan(မြီကျွီလန်)


Ming Zhenzhen (မြီကျိန်းကျိန်း)

◆ *ကျောဖုံးမှ*

မနက်ဖြန်ပွဲစဉ်မှာ အတတ်နိုင်ဆုံး ပထမပိုင်းရဲ့ အစောပိုင်းမိနစ်တွေမှာ လုံးဝဂိုးမပေးရဖို့ ကြိုးစားရပါမယ်။ ကျွန်တော်တို့အသင်း အနေနဲ့က တစ်ဆင့်ချင်း ရလဒ်ကောင်းအောင်လုပ်ဖို့ပါ။ အိမ်ကွင်းမှာကစားမယ့်မြောက်ကိုရီးယားနဲ့ ပွဲစဉ်ဟာ ကျွန်တော်တို့ ရလဒ်ကောင်းရဖို့ အရေးကြီးတဲ့ပွဲပါ။ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်ဖို့ထက် အာရှဖလားအတွက် ပစ်မှတ်ထားတာက ပိုပြီးသဘာဝကျပါတယ်။ မနက်ဖြန်ပွဲကိုပဲ အာရုံစိုက်ပြီး ကျွန်တော်တို့ တစ်သင်းလုံး ကြိုးစားပါမယ်'' ဟု ပြောကြားခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းခေါင်းဆောင် မောင်မောင်လွင်က ''ကျွန်တော်တို့ နည်းပြမှာထားတဲ့အတိုင်း သေချာလိုက်လုပ်ပြီး ရလဒ်ကောင်းဖို့


မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာ

ကြိုးစားပါမယ်။ ပြိုင်ဘက်နဲ့ ပရိသတ်ကိုလေးစားမှုနဲ့ ကျွန်တော်တို့ ကစားပါမယ်။ လွန်ခဲ့တဲ့ ၂ နှစ်က (၁၀-၀) ဂိုးနဲ့ ဒီမှာ အရေးနိမ့်ခဲ့ရပေမယ့် အဲဒီတုန်းက အခြေအနေနဲ့ လက်ရှိအခြေအနေမတူပါဘူး။ အခုအချိန်မှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား လိဂ်တွေမှာလည်း သွားရောက်ကစားနေကြသလို မြန်မာနေရှင်နယ်လိဂ်လည်း ကစားနေပါပြီ။ ကစားသမားတွေ စွမ်းဆောင်မှုအရင်ကထက် ပိုကောင်းလာပါတယ်။ ကစားဖော်တွေကိုလည်း မနက်ဖြန်မှာ သူတို့စွမ်းဆောင်ပြနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်'' ဟု ပြောကြားခဲ့သည်။

ဂျပန်အသင်းနှင့် မြန်မာအသင်းသည် နိုဝင်ဘာ ၁၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၃၂ မိနစ်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ PANASONIC STADIUM SUITA (OSAKA) ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စု (ခ) ၌ ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားတို့နှင့် ကျရောက်နေပြီး ယခုလအတွင်း ခြေစစ်ပွဲနှစ်ပွဲကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ - MFF**

❂ *ကျောဖုံးမှ*

တောင်ကိုရီးယားအသင်းနှင့် တွေ့ဆုံ ယှဉ်ပြိုင်ခဲ့ပြီး သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အမေရိကန်အသင်းသည် အုပ်စု (C) တွင် နှစ်ပွဲ ကစား၊ နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

အမေရိကန်အသင်းအတွက် သွင်းဂိုးများကို ဖီဂူရိုအာနှင့် ဘာချီမက်စ်က သွင်းယူပေးခဲ့ပြီး ဘာကီနာဖာဆို အသင်းအတွက် ချေပဂိုးကို ဒီယာရာက သွင်းယူပေးခဲ့သည်။

ပြိုင်ဘက် ဘာကီနာဖာဆိုအသင်းက နှစ်ပွဲကစား၊ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ အုပ်စု နောက်ဆုံး ပွဲစဉ် အဖြစ် နိုဝင်ဘာ ၁၈ ရက်တွင် အမေရိကန်က ပြင်သစ်၊ ဘာကီနာဖာဆိုက တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မက္ကဆီကိုနှင့် ဗင်နီဇွဲလားအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါ ပွဲစဉ်၌ ပွဲချိန် မိနစ် ၄၀ ဗင်နီဇွဲလားအသင်းမှ ဂျီယိုဗန်နီ အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ မက္ကဆီကို အသင်းအတွက် သွင်းဂိုးများကို စတီဖန်နီနှင့် အော်တစ်ဇ်တို့က သွင်းယူပေးပြီး ဗင်နီဇွဲလားအသင်းအတွက် သွင်းဂိုးများကို စီချီရိုနှင့် ပရိုဗီတာတို့က သွင်းယူပေးခဲ့သည်။ **အောင်ဇော်**

❈ *ကျောဖုံးမှ*

အဆိုပါ ယှဉ်ပြိုင်ကစားကြပွဲများကို နိုဝင်ဘာ ၁၆ ရက် **(ယနေ့)** ညနေ ၄ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV-HD ၊ MRTV Sports Channel ၊ MRTV Farmers' Channel၊ MRTV Parliament Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုနှင့် MRTV APP: အပါအဝင် Online တို့မှလည်း တစ်ပြိုင်တည်း ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၇,၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၇၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် ပင်လောင်းမှ တပ်ကုန်းဘက်သို့ မောင်မောင်ဝင်း မောင်းနှင်ပြီး ဇေယျာကျော်၊ အာကာမင်းမြတ်ကျော်နှင့် လေးမြင့်တို့ လိုက်ပါလာသည့် TOYOTA HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇,၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၇ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မျိုးအောင် (ခ) သီလ အား ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၇) နွယ်သာကီလမ်းရှိ ၎င်း၏ နေအိမ်တွင် Probox ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Cho Cho Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ယွန်းတန်းရပ်ကွက်နေ ချိုချိုလွင်အား နံနက် ၁၁ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ "Ma Ohmar Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကြူစမ်းရပ်ကွက်နေ ဥမ္မာစိုး (ခ) မမမိုးအား ညနေ ၄ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဘဝဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးဝိုင်းကူစို့

**ဇေထက်လှိုင်**

**နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိသည်။ စာတတ်မြောက်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ဘဝနှင့် လူနေမှုအဆင့်အတန်းကိုသာမက မိမိပတ်ဝန်းကျင်ရှိ လူ့အသိုင်းအဝိုင်းအဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ပြီး အသိပညာဖွံ့ဖြိုးတိုးတက်မှုမှာလည်း စာတတ်မြောက်မှုအပေါ် များစွာအမှီသဟဲပြုနေသဖြင့် စာတတ်မြောက်မှုကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါသည်။**

မြန်မာနိုင်ငံ၏ပညာရေးအစသည် ဘုန်းတော်ကြီးကျောင်းပညာရေးသာဖြစ်သည်။ အရေး၊ အဖတ်၊ အတွက်ပညာများကို ဘုန်းတော်ကြီးကျောင်းများက သင်ကြားပေးရုံမျှသာမက စာရိတ္တပညာ၊ လူမှုရေးပညာ၊ အုပ်ချုပ်ရေးပညာအစရှိသည့် အဋ္ဌာရသ (၁၈) ရပ်ကို သင်ကြားပေးနိုင်ခဲ့သည်။ မြန်မာဘုရင်အဆက်ဆက်သည် ဘုန်းတော်ကြီးကျောင်းမှ ပညာသင်ပေးလိုက်သူများဖြစ်သည်။ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်နှောင်း သီပေါမင်းလက်ထက်တိုင်အောင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်ခဲ့သော ပညာရပ်များဖြင့် ပြည့်စုံကုံလုံကြွယ်ဝခဲ့သည်။

**စာတတ်မြောက်ရေးလုပ်ငန်းကို အင်နှင့်အားနှင့်ဆောင်ရွက်ခဲ့**

၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ပြီး မြန်မာတို့၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများ တစ်စတစ်စမေးမှိန်ပျောက်ကွယ်ခဲ့ရသည်။ စာပေသင်ကြားမှုပိုင်းတွင်လည်း အရေးမသာ၊ အခွင့်မရဘဲ ဆုံးရှုံးခဲ့ရသဖြင့် စာတတ်မြောက်မှုနှုန်းမှာလည်း အလွန်အမင်းကျဆင်းခဲ့ရသည်။ ထိုမျှသာမကဘဲ မြန်မာစာ၊ မြန်မာစကားပင်လျှင် အရေးမလှနိမ့်ကျခဲ့ရသည်။ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ၁၄ နှစ်တာကာလအတွင်း ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော ဖဆပလအစိုးရက “လူထုပညာရေး” စီမံကိန်းကြီးဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို အင်နှင့်အားနှင့် ဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် တစ်မျိုးသားလုံးလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံး ‘အ’သုံးလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုကို နှစ်စဉ်တိုးမြှင့်ဆောင်ရွက်ခဲ့၍ ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းကြီးဖြစ်သော ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နိုမာဆုတို့ကို ရရှိခဲ့သည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုသည် သမိုင်းနှင့်ဆိုလျှင် “ပထမဆုံး” ကာလပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူတိုင်းစာတတ်မြောက်ရေးသည် အဓိကအရေးအကြီးဆုံးအပိုင်းတွင် ပါဝင်နေသဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတို့၏ စာတတ်မြောက်ရေးလုပ်ငန်းတို့ကို စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၁၉၆၅ ခုနှစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသည့် စာတတ်မြောက်ရေးညီလာခံကြီးမှ စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံတစ်နိုင်ငံကို တည်ထောင်ရာတွင် ပညာရည်ပြည့်ဝသူများနှင့် ထူထောင်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်နိုင်ပေမည်။ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးမှာ အရေးကြီးလှသည်။ (၂၁) ရာစုကာလကို ပညာခေတ်ဟု သတ်မှတ်ခေါ်ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ လူ့ဘောင်သစ်ကို တည်ထောင်နေကြသည်။ စာမတတ်သူများ များပြားနေသည့်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းကွာဝေးနေမည်သာဖြစ်သည်။ ပညာဗဟုသုတနှင့် ပြည့်စုံလျှင် ပြည့်စုံသလောက် နိုင်ငံ၏အခြေအနေသည် တိုးတက်မည်။ စာတတ်သူများလာမှ ဆင်းရဲမှုသည်လည်း အထိုက်အလျောက်လျော့နည်းမည်ဖြစ်ပါသည်။

စာတတ်မှ အကောင်းနှင့်အဆိုး၊ အကျိုးနှင့် အပြစ်တို့ကို ခွဲခြားသိမြင်နိုင်မည်။ ဖွံ့ဖြိုးဆဲအချို့ဒေသများတွင် ဆင်းရဲနွမ်းပါးမှု၊ လက်နက်ကိုင်ပဋိပက္ခများနှင့် အခြားသောအခြေအနေများကြောင့်




၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးအခမ်းအနားကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၈ ရက်က ကျင်းပစဉ်။

တိုးတက်မှုမှာ ခက်ခဲလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) တွင် ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် “ကျောင်းသားများ ကျောင်းဆက်မတက်ရခြင်း၏ အဓိကအကြောင်းရင်းသည် ဆင်းရဲမွဲတေမှုကြောင့်ဖြစ်ကြောင်း” အသိပေးပြောကြားထားသည်။

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်ပြီး ပညာတတ်များအပါအဝင် အသိပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များဖြင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ယနေ့အချိန်အခါတွင် အခြေခံပညာကို လူတိုင်းသင်ယူနိုင်ခွင့်ရရှိစေရမည်ဟူသော နိုင်ငံတော်၏ပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ၏အရင်းခံဖြစ်သော စာဖတ်တတ်မှု၊ စာရေးတတ်မှုနှင့် တွက်ချက်တတ်မှုဟူသည့် အခြေခံစာတတ်မြောက်ရေးသည် နိုင်ငံသားတိုင်းအတွက် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်လာသည်။

**ပညာရေး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု**

၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် “Promoting literacy for a world in transition: Building the foundation for sustainable and peaceful societies” “တည်ငြိမ်အေးချမ်းသောလူ့အဖွဲ့အစည်းကမ္ဘာကြီးသို့ ကူးပြောင်းဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့”ဟူသည့် ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများရရှိရုံသာမက မိမိတို့၏ဒေသတွင်း၊ နိုင်ငံတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေရန် စွမ်းဆောင်ပေးကြောင်းကို ယူနက်စကို၏ Concept note ထုတ်ပြန်ချက်တွင် ဖော်ပြထားရှိသည်။ အားလုံးပါဝင်ခွင့်ရှိပြီး အရည်အသွေးရှိသော ပညာရေးကို ရရှိစေခြင်းဖြင့် ပညာရေးသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအားအရှိဆုံးနှင့် သက်သေပြနိုင်သော ကိရိယာတစ်ခုဖြစ်သည်ဟူသော ယုံကြည်ချက်ကို ထပ်လောင်းအတည်ပြုပါသည်။

တိုးတက်သည့်နိုင်ငံများတွင် နိုင်ငံသားတိုင်းစာကို စွဲမြဲစွာဖတ်ကြသည်ကို နမူနာယူ၍ “အလိမ္မာ စာမှာရှိသည်” ဆိုစကားအတိုင်း ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးကို အလေးထားအကောင်အထည်ဖော်၍ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ကျရာနေရာမှ ပါဝင်သွားကြရမည်ဖြစ်ပါသည်။

**စာအုပ်စာပေဖတ်ရှုခြင်းသည် လောကအမြင်ကို ခွဲခြားဆန်းစစ်နိုင်**

စာတတ်မြောက်ခါစပုဂ္ဂိုလ်များအတွက် စာဖတ်ရှိန် တိုးပွားရန်နှင့် ကုန်ထုတ်လုပ်ငန်း အထောက်အကူပြု အသိပညာဗဟုသုတများတိုးပွားရန်ရည်ရွယ်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီ၊ သက်ကြီးဖတ်စာနှင့် စာပဒေသာပြုစုရေးဆပ်ကော်မတီသည် ဇော်ဂနီမ၊ ဝေလွင်လွင်၊ ဆီးသီးသည်မဗျိုင်း၊ အလှရတနာ၊ ပြည်ထောင်စုရိုးရာပုံပြင်များ စသည့်သက်ကြီးစာပဒေသာများနှင့် ကောက်သိမ်းချိန်၊ ရတနာမြေနှင့် သားလှရွှေစင်စသော စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များကို ပြုစုဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် ဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မိမိတို့ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များ၊ စာတတ်မြောက်ခါစပုဂ္ဂိုလ်များသိသင့်သော ဗဟုသုတများ၊ အချက်အလက်များကို စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များအဖြစ် ပြုစုထုတ်ဝေ၍ စာတတ်မြောက်ရေးလှုပ်ရှားမှု၌အသုံးပြုရန် အကူအညီပေးလျက်ရှိသည်။ စာတတ်မြောက်မှုအောင်ပွဲ ဆင်နွှဲပြီးသောနယ်မြေများတွင် စာဖတ်ဝိုင်း၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်များကို စနစ်တကျဖွဲ့စည်းဖော်ထုတ်၍ အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များကို ဖတ်ရှုနိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

စာအုပ်စာပေဖတ်ရှုခြင်းဟူသည် ပြည်သူတို့၏ စဉ်းစားဆင်ခြင်ဉာဏ်၊ တွေးခေါ်မြော်မြင်နိုင်မှုတို့ကို အားကောင်းစေပြီး ဗဟုသုတအကြားအမြင်များပြားခြင်းဖြင့် လောကအမြင်ကျယ်ကာ အမှားနှင့်အမှန်ကို ခွဲခြားဆန်းစစ်နိုင်မှု ထက်မြက်စေမည်ဖြစ်ပါသည်။ ထို့ပြင် ရသစာပေများကို ဖတ်ရှုခြင်းဖြင့် အနုပညာခံစားနိုင်မှုနှင့်အတူ နူးညံ့သိမ်မွေ့ယဉ်ကျေးလာမည်ဟု ယုံကြည်ပါသည်။

နိုင်ငံသားများ ယင်းကဲ့သို့ စဉ်းစားဆင်ခြင်ဉာဏ်၊ တွေးခေါ်မြော်မြင်မှု၊ အမှားအမှန်ကို ခွဲခြားဆန်းစစ်နိုင်မှု၊ ဗဟုသုတအကြားအမြင်များပြားပြီး အမြင်ကျယ်မှု၊ နူးညံ့သိမ်မွေ့ယဉ်ကျေးမှုတို့ဖြင့်သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကြီးစွာသောအထောက်အကူဖြစ်စေပါမည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်၏ ဘဝနှင့် လူနေမှုအဆင့်အတန်းကိုသာမက မိမိပတ်ဝန်းကျင်ရှိ လူ့အသိုင်းအဝိုင်းအဖွဲ့အစည်းကိုပါ ပြောင်းလဲစေရန်အတွက် “လူမှုဘဝဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေး ဝိုင်းကူစို့” ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**“နိုင်ငံတစ်နိုင်ငံကို တည်ထောင်ရာတွင် ပညာရည်ပြည့်ဝသူများနှင့် ထူထောင်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်နိုင်ပေမည်။ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးမှာ အရေးကြီးလှသည်။ (၂၁) ရာစုကာလကို ပညာခေတ်ဟု သတ်မှတ်ခေါ်ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာ၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ လူ့ဘောင်သစ်ကို တည်ထောင်နေကြသည်။ စာမတတ်သူများ များပြားနေသည့် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းကွာဝေးနေမည်သာဖြစ်သည်။ ပညာဗဟုသုတနှင့် ပြည့်စုံလျှင် ပြည့်စုံသလောက် နိုင်ငံ၏အခြေအနေသည် တိုးတက်မည်။ စာတတ်သူများလာမှ ဆင်းရဲမှုသည်လည်း အထိုက်အလျောက်လျော့နည်းမည်ဖြစ်”**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သူနာပြုနှင့်သားဖွား သင်တန်းကျောင်းသို့ ဆန်အိတ် ၁၀၀ နှင့် ထောက်ပံ့ငွေပေးအပ်

စစ်တွေ နိုဝင်ဘာ ၁၅

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသို့ ဆန်အိတ် ၁၀၀ နှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်ညွှန့်ခန်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း သင်တန်းဆရာမများ သင်ကြားပို့ချပေးသည့် သင်ခန်းစာများ၊ ဆရာဝန်ကြီးများ၏ လက်တွေ့သင်ကြား ပို့ချပေးမှုများကို စနစ်တကျလေ့လာမှတ်သားကြပြီး မိမိဒေသ၊ မိမိပြည်နယ်အတွက် အကျိုးပြုနိုင်သော သူနာပြုကောင်းများဖြစ်အောင် ကြိုးစားသင်ယူကြရန် ပြောကြားသည်။

ထို့နောက် သူနာပြုနှင့်သားဖွား သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းအတွင်း ပညာသင်ကြားနေမှုကို ရှင်းလင်းတင်ပြပြီး သင်တန်းသား၊ သင်တန်းသူများအတွက် ဆန်နှင့် ထောက်ပံ့ငွေများ ပေးအပ်မှုအပေါ် ကျေးဇူးတင်စကား ပြောကြားကာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်လွင်က သင်တန်းဆင်းသူများကို ဆေးရုံ၊ ဆေးခန်းများတွင် ခန့်အပ် တာဝန်ထမ်းဆောင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ပြည်နယ်အစိုးရအဖွဲ့မှ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ထောက်ပံ့သည့် ဆန်အိတ် ၁၀၀ နှင့် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# လှိုင်လင်မြို့၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်း

**လှိုင်လင် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် အသက် ၃ နှစ်မှ အသက် ၅ နှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၄ ရက်က လှိုင်လင်မြို့ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။




ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများသည် လှိုင်လင်မြို့ မူလတန်းကြိုကျောင်းရှိ ကလေးငယ်များအား အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကြီး(၇) ရပ်အနက် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် အရေးကြီးပြီး ယခုသင်တန်းသည် သာမန်အားဖြင့် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ပတ်သက်သည့် သင်တန်းတစ်ခု ထင်မြင်ယူဆနိုင်သော်လည်း နိုင်ငံနှင့် လူမျိုးအတွက် အရေးပါလှသော အခြေခံအုတ်မြစ် ဖြစ်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်များကို မှန်ကန်သော အသိစိတ်ဓာတ် အခြေခံ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး စသည်များ ဘက်စုံ ဖွံ့ဖြိုးစေရေးအတွက် ကလေးသူငယ် ဖွံ့ဖြိုးရေးစံနှုန်းများနှင့်အညီ ပြုစုပျိုးထောင်ရန် လိုအပ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း အမျိုးသမီးငယ်များ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပေးပြီး ငွေကြေးနှင့် နည်းပညာများ ဆက်လက် ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးဇော်မင်းက မူလတန်းကြိုကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ လှိုင်လင်မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းရှိ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

လှိုင်လင်ခရိုင်၌ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၆ ကျောင်း၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်း ခြောက်ကျောင်း ဖွင့်လှစ်ထားရှိရာ ယခုသင်တန်းသို့ ပုဂ္ဂလိက မူလတန်းကြိုကျောင်း ၁၇ ဦး၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၂၉ ဦး၊ ဌာနမူလတန်းကြိုကျောင်း နှစ်ဦးနှင့် ပြင်ပမှတက်ရောက်သူ ကိုးဦး စုစုပေါင်း ၅၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း (ပြန်/ဆက်)**

## ခရမ်းမြို့ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ခရမ်းမြို့ အထက(၁)၊ အထက(၂) ကျောင်းသားကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အစဉ်အလာမပြတ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း ဆရာကြီး ဆရာမကြီးများအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်၌ အိမ်တိုင်ရာရောက် ပူဇော်ကန်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဒီဇင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ ဦးအောင်လွင် ၀၉-၄၂၀၀၂၃၉၇၃၊ ကိုရဲဝင်းကျော် ၀၉-၇၈၅၆၁၇၃၃၈၊ ဦးမြင့်သက်ဦး ၀၉-၄၄၈၀၁၈၉၁၀၊ ကိုရဲမင်းဦး ၀၉-၉၆၆၉၀၁၄၀၀၊ ဦးသက်ထွန်းဦး ၀၉-၄၂၀၀၂၄၀၀၀၊ မမိုးသဇင် ၀၉-၇၂၉၉၀၇၇၉၊ ဦးရဲထွဋ်(ရန်ကုန်) ၀၉-၇၇၇၂-၀၉၉၀၄၊ ကိုဝေယံ(၂၀၀၁) ၀၉-၇၉၉၃၇၇၁၁၅၊ ဒေါ်ဖြူဖြူဝင်း ၀၉-၆၈၁၅၁၆၁၉၆၊ ကိုချစ်ဝိုင်းနန်း ၀၉-၇၉၉၄၅၇၂၄၀၊ ဦးမိုးကျော်ခိုင်(၈၇) ၀၉-၆၉၂၃၄၈၅၅၆၊ ကိုပိုင်ပိုင်မျိုး(၂၀၀၂) ၀၉-၇၉၉၃၇၉၁၃၃၊ ဦးစန်းယု ၀၉-၄၅၀၀၄၆၀၇၄၊ ကိုချမ်းငြိမ်းလှိုင် ၀၉-၇၈၅၁၉၂၀၄၅၊ ကိုဇော်အောင်(၈၈) ၀၉-၄၂၅၃၀၄၄၄၃၊ ကိုဝေပိုင်(၂၀၀၃) ၀၉-၇၇၉၆၀၁၀၈၀၊ ကိုကျော်စိုးမိုး ၀၉-၉၇၁၅၂၀၂၀၆၊ ကိုလှိုင်ကျော်လင်း ၀၉-၇၈၁၁၂၉၁၀၉၊ ကိုနေဝင်းဦး ၀၉-၇၉၉၃၇၉၆၃၃၊ ကိုထက်အောင်ကျော်(၂၀၀၉) ၀၉-၄၂၀၀၂၃၉၄၉၊ မမွန်မွန်လင်း(၉၀) ၀၉-၄၂၀၁၉၂၂၃၅၊ ကိုသက်ကိုဦး ၀၉-၇၉၃၀၀၉၃၅၉၊ ကိုကိုဦး(ရန်ကုန်) ၀၉-၇၉၅၃၃၀၉၅၉၊ ကိုဟိန်းထက်ဇော်(၂၀၁၃) ၀၉-၇၈၆၆၅၃၃၅၅၊ မဇင်မာခိုင်(၉၂)၀၉-၉၅၅၅၉၆၆၉၊ ကိုဇော်လင်း(ရန်ကုန်) ၀၉-၅၅၀၂၀၁၃၊ ကိုညီညီလှိုင် ၀၉-၅၀၅၁၉၀၅၊ ကိုလမင်း(ရန်ကုန်) ၀၉-၅၁၇၆၅၇၄၊ ကိုထားဝယ်(၉၆) ၀၉-၇၉၀၁၃၆၃၄၈၊ မမြင့်သက်ခိုင်(ရန်ကုန်) ၀၉-၅၁၆၃၁၀၉၊ မအေးအေးသိန်း(၉၇) ၀၉-၇၅၆၁၈၇၅၁၁၊ မယဉ်ယဉ်သန်း(ရန်ကုန်) ၀၉-၅၁၉၀၈၁၃၊ မဝါဝါလှိုင် ၀၉-၄၅၀၀၁၈၈၃၈၊ ကိုသန့်ဇော်မြ ၀၉-၅၁၉၄၈၂၁၊ ကိုထွန်းထွန်းနိုင် (၉၈) ၀၉-၉၅၀၄၄၅၄၄၅၊ ကိုဇော်မျိုးအောင် (နေပြည်တော်) ၀၉-၉၆၉၆၀၆၅၆၀၊ မဝင်းမင်းသန်း ၀၉-၄၄၄၇၇-၂၂၈၆၊ ကိုအောင်ကျော်ဇော ၀၉-၇၈၆၅၅၈၃၅၅၊ ကိုဖြိုးကြီး(၂၀၀၀) ၀၉-၇၉၉၃၇၇၃၉၉ နှင့် CB Bank Sp Acc – ၀၁၆၂၆၀၀၉၀၀၀၁၁၈၀၈၊ K Pay– ၀၉-၄၂၀၀၂၄၀၀၀ ဖော်ပြပါ ပူဇော်ပွဲကော်မတီဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ရှစ်မျက်နှာထက်မနည်း၊ ကိုးမျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၁ မျက်နှာထက်မနည်း၊ ၁၂ မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာငါးမျက်နှာထက်မနည်း၊ ခြောက်မျက်နှာထက်မများ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသား ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀x၁၄ လက်မ အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။ ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများကို အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပြီး ယခင်နှစ်များက ဆုရရှိပြီးသော ဓာတ်ပုံများကို ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ပေ။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင် စာမူများနှင့် ဓာတ်ပုံများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၅ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ၊ နေပြည်တော်သို့ လိပ်မူ၍ Soft Copy CD တစ်ချပ်၊ Hard Copy တစ်စုံနှင့်အတူ ပြိုင်ပွဲဝင်၏ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသားသော ဝန်ခံချက်တို့ကိုလည်း ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲများအတွက် ပထမဆု ငွေကျပ် ၁၀သိန်း၊ ဒုတိယဆု ငွေကျပ်ရှစ်သိန်း တတိယဆု ငွေကျပ်ခြောက်သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၂၀၀၂၁၉၆၊ ၀၉-၂၅၆၄၈-၉၉၂၃၊ ၀၆၇-၈၁၀၄၃၃၅ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**အာကာလင်း**

# PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ Drop ဗုံးများ ပစ်ချတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲပြီး ဆရာမနှစ်ဦးနှင့် ကျောင်းသူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ




**နေပြည်တော် နိုဝင်ဘာ ၁၅** တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုကို လိုလားသည့် လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့အရပ်သား ပြည်သူများ သွားလာရာ လမ်းတံတားများ၊ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့်နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့၏ အနောက်တောင်ဘက်နှင့် အရှေ့ဘက် ငှက်ပျောတွင်းကျေးရွာတို့မှနေ၍ လက်လုပ်စိန်ပြောင်းများ၊ Drone များအသုံးပြု၍ Drop Bomb များဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ပစ်ချတိုက်ခိုက်ခဲ့ရာ**(ယာပုံ)** ဗုံးသီးများသည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ ပြီး အဆိုပါဗုံးသီး ကျရောက်ပေါက်ကွဲမှုကြောင့် ကျောင်းတွင် သင်ကြားရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျောင်းဆရာမနှစ်ဦးနှင့် အသက် ၁၁ နှစ်နှင့် ၁၂ နှစ်အရွယ် ကျောင်းသူနှစ်ဦး စုစုပေါင်း လေးဦး ဗုံးသီးစ ထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ကျောင်းဆောင်တစ်ဆောင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံ၏ အမိုးသွပ်များ၊ မျက်နှာကြက်များ ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ် သမဝါယမအသင်းစုအရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နွားထိုးကြီး နိုဝင်ဘာ ၁၅** မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းဝေးအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက်က မြို့နယ်သမဝါယမ အသင်းစုရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ရွှေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သွယ်သွယ်ထွန်းက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး မြို့နယ်သမဝါယမအသင်းစု ဘဏ္ဍာရေးမှူး ဦးစိုးဝင်းမြင့်က ၂၀၂၁-၂၀၂၂/၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ရှင်းတမ်းများနှင့် အမြတ်ခွဲဝေမှုစာရင်းများတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်ဆွေက မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားတင်ပြ၍ အသင်းစာရင်းစစ်အစီရင်ခံစာများ တင်သွင်းသည်။ ထို့နောက် တက်ရောက်လာသောအမှုဆောင်များက သိလိုသည်များ မေးမြန်းကြရာ အသင်းတာဝန်ရှိသူများက ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်**

# ပုသိမ်မြို့၌ လူငယ်စကားဝိုင်းကျင်းပ

**ပုသိမ် နိုဝင်ဘာ ၁၅** ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းကြည်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းရှိန်က လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးကျော့ရီက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းက ဦးဆောင်၍ ကျောင်းသား ကျောင်းသူလေးဦးက လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေစသည့် အကြောင်းအရာများကို ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

**ခရိုင်(ပြန်/ဆက်)**





မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၅ ကျပ် | ၂၁၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၅ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၅၀ ကျပ် | ၂၃၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၂၂၁၁ | ၁၉၆၁၄၆၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၆၂၇၀ | ၄၇၁၈၃၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၄ | ၃၁၂၀၀ |
| FPB | ၁၆၀၀ | ၁၆၅၀ | ၅၈၆၉ | ၉၃၉၃၁၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၀၀၀ | ၂၀၅၀ | ၁၀၅၀ | ၂၁၁၀၀၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၁၀ | ၄၈၀၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၁၄၃၁ | ၂၄၃၄၂၅၀ |

ညီညီ - စုစည်းသည်

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၆ နှစ်**အောက်မငယ်ရ၊ **၁၉ နှစ် ၆ လ**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂-၁၀-၂၀၂၃** ရက်နေ့မှ စတင်၍ **၂၀-၁၂-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# မကွေးတက္ကသိုလ်

## ( ၂၃ )ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်

၂၀၁၉-၂၀၂၀ ၊၂၀၂၁-၂၀၂၂ ပညာသင်နှစ်မကွေးတက္ကသိုလ်(နေ့သင်တန်း)နှင့် ၂၀၁၉၊၂၀၂၂ ပညာသင်နှစ် မကွေးတက္ကသိုလ်(အဝေးသင်သင်တန်း)နှင့်၂၀၁၉ ပညာသင်နှစ် ရေနံချောင်းဒီဂရီကောလိပ်(အဝေးသင်သင်တန်း) တို့၏ ( ၂၃ ) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို (၁-၁၂-၂၀၂၃)ရက်နေ့မှ (၁၆-၁၂-၂၀၂၃)ရက်နေ့ထိ မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမတွင် အောက်ပါအပိုင်းခွဲ အစီအစဉ် အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**ဘွဲ့နှင်းသဘင်ပထမနေ့ အစီအစဉ်( ၂-၁၂-၂၀၂၃ ) ရက်နေ့ (ပထမပိုင်း)နံနက်(၉:၀၀)နာရီ**

| | | |
|---|---|---|
| ၂၀၁၉-၂၀၂၀ | မဟာဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ |
| ၂၀၁၉-၂၀၂၀ | မဟာဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် |
| ၂၀၁၉-၂၀၂၀ | မဟာဝိဇ္ဇာ(ဘွဲ့) | သမိုင်း |
| ၂၀၁၉-၂၀၂၀ | မဟာဝိဇ္ဇာ(ဘွဲ့) | အရှေ့တိုင်းပညာ |
| ၂၀၁၉-၂၀၂၀ | မဟာဥပဒေ(ဘွဲ့) | ဥပဒေပညာ |
| ၂၀၁၉-၂၀၂၀ | မဟာဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၁၉-၂၀၂၀ | မဟာသိပ္ပံ(ဘွဲ့) | သင်္ချာ |
| ၂၀၁၉-၂၀၂၀ | မဟာသိပ္ပံ(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၉-၂၀၂၀ | မဟာသိပ္ပံ(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၁၉-၂၀၂၀ | မဟာသိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ |
| ၂၀၁၉-၂၀၂၀ | မဟာသိပ္ပံ(ဘွဲ့) | သတ္တဗေဒ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | ဒဿနိကဗေဒ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | ပထဝီဝင် |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | အရှေ့တိုင်းပညာ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | သင်္ချာ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ရုက္ခဗေဒ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ဘူမိဗေဒ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | သတ္တဗေဒ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | မြန်မာစာ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ဇီဝဓာတုဗေဒ |
| ၂၀၁၉-၂၀၂၀ | ဥပဒေ(ဘွဲ့) | ဥပဒေပညာ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဘွဲ့) | ဒဿနိကဗေဒ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဘွဲ့) | မြန်မာစာ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဘွဲ့) | စိတ်ပညာ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဘွဲ့) | သမိုင်း |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဘွဲ့) | ပထဝီဝင် |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ (ဘွဲ့) | ဇီဝဓာတုဗေဒ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဘွဲ့) | အရှေ့တိုင်းပညာ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ (ဘွဲ့) | ဘူမိဗေဒ |

**(ပထမပိုင်း) အစမ်းလေ့ကျင့်ရက် ( ၁-၁၂-၂၀၂၃ )ရက်နေ့ နံနက်ပိုင်း (၈:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ပထမနေ့ (၂-၁၂-၂၀၂၃ )ရက်နေ့ (ဒုတိယပိုင်း) အစီအစဉ်မွန်းလွဲ (၂:၀၀)နာရီ**

| | | |
|---|---|---|
| ၂၀၂၁-၂၀၂၂ | မဟာဥပဒေ(ဘွဲ့) | ဥပဒေပညာ |
| ၂၀၂၁-၂၀၂၂ | မဟာဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ |
| ၂၀၂၁-၂၀၂၂ | မဟာဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် |
| ၂၀၂၁-၂၀၂၂ | မဟာဝိဇ္ဇာ(ဘွဲ့) | အရှေ့တိုင်းပညာ |
| ၂၀၂၁-၂၀၂၂ | မဟာဝိဇ္ဇာ(ဘွဲ့) | သမိုင်း |
| ၂၀၂၁-၂၀၂၂ | မဟာဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ |
| ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | သတ္တဗေဒ |
| ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | ဘူမိဗေဒ |
| ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | ရူပဗေဒ |
| ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | ဇီဝဓာတုဗေဒ |
| ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | သင်္ချာ |
| ၂၀၂၁-၂၀၂၂ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | သမိုင်း |
| ၂၀၂၁-၂၀၂၂ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | ဒဿနိဗေဒ |
| ၂၀၂၁-၂၀၂၂ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | အရှေ့တိုင်းပညာ |
| ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ရူပဗေဒ |
| ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | သင်္ချာ |
| ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ဇီဝဓာတုဗေဒ |
| ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | သတ္တဗေဒ |
| ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ရုက္ခဗေဒ |
| ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ဘူမိဗေဒ |
| ၂၀၂၁-၂၀၂၂ | ဝိဇ္ဇာ (ဂုဏ်ထူး)(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၂၁-၂၀၂၂ | ဥပဒေ(ဘွဲ့) | ဥပဒေပညာ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ (ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ (ဘွဲ့) | ရူပဗေဒ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ (ဘွဲ့) | သတ္တဗေဒ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ (ဘွဲ့) | သင်္ချာ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ (ဘွဲ့) | ဓာတုဗေဒ |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ (ဘွဲ့) | ရုက္ခဗေဒ |

**(ဒုတိယပိုင်း) အစမ်းလေ့ကျင့်ရက် ( ၁-၁၂-၂၀၂၃ ) ရက်နေ့ နံနက်ပိုင်း (၈:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ပထမနေ့ (၄-၁၂-၂၀၂၃ )ရက်နေ့ ပထမပိုင်း အစီအစဉ်နံနက်( ၉:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၂ (Mg)မှ ၄-ပ-၃၇၈(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ဒဿနိကဗေဒ ၄-ဒ-၁ (Mg)မှ ၄-ဒ-၁၃၁(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | စိတ်ပညာ ၄-စ-၂ (Mg)မှ ၄-စ-၁၄(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၁ (yng)မှ ၄-သ-၂၃၈(yng)ထိ |

**ပထမပိုင်းအစမ်းလေ့ကျင့်ရက် ( ၃-၁၂-၂၀၂၃ )ရက်နေ့ နံနက်ပိုင်း (၈:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ပထမနေ့ (၄-၁၂-၂၀၂၃ )ရက်နေ့ ဒုတိယပိုင်း အစီအစဉ်မွန်းလွဲ(၂:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၃၇၉(Mg) မှ ၄-ပ-၆၀၂(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ ၄-အ-၁ (Mg) မှ ၄-အ-၂၇၉(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၂၃၉ (yng) မှ ၄-သ-၄၉၅(yng)ထိ |

**ဒုတိယပိုင်း အစမ်းလေ့ကျင့်ရက် ( ၃-၁၂-၂၀၂၃ )ရက်နေ့ မွန်းလွဲပိုင်း (၁:၃၀)နာရီ**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ ( ၅-၁၂-၂၀၂၃ ) ရက်နေ့ တတိယပိုင်း အစီအစဉ်နံနက်(၉:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | သိပ္ပံ(ဘွဲ့) | ရူပဗေဒ ၄-ရပ-၂ (Mg) မှ ၄-ရပ-၁၁၂(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၆၀၅ (Mg) မှ ၄-ပ-၉၃၇(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | သင်္ချာ ၄-သခ-၂ (yng) မှ ၄-သခ-၆၂(yng)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၄၉၆ (yng) မှ ၄-သ-၈၁၂(yng)ထိ |

**တတိယပိုင်း အစမ်းလေ့ကျင့်ရက် ( ၃-၁၂-၂၀၂၃ )ရက်နေ့ နံနက်ပိုင်း (၈:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ ( ၅-၁၂-၂၀၂၃ )ရက်နေ့ စတုတ္ထပိုင်း အစီအစဉ်မွန်းလွဲ(၂:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ ၄-အ-၂၈၆ (Mg) မှ ၄-အ-၅၇၃(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၉၃၈ (Mg) မှ ၄-ပ-၁၂၇၉(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ရူပဗေဒ ၄-ရပ-၁ (yng) မှ ၄-ရပ-၄၃(yng)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၈၁၃ (yng) မှ ၄-သ-၁၀၉၂(yng)ထိ |

**စတုတ္ထပိုင်း အစမ်းလေ့ကျင့်ရက် ( ၃-၁၂-၂၀၂၃ )ရက်နေ့ မွန်းလွဲပိုင်း (၁:၃၀)နာရီ**

**ဘွဲ့နှင်းသဘင် တတိယနေ့ ( ၉-၁၂-၂၀၂၃ )ရက်နေ့ ပဉ္စမပိုင်းအစီအစဉ်နံနက်(၉:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ ၄-မ-၅ (Mg) မှ ၄-မ-၂၁၉(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ ၄-အ-၅၇၆ (Mg) မှ ၄-အ-၉၅၄(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၁၂၈၆ (Mg) မှ ၄-ပ-၁၆၇၅(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | သတ္တဗေဒ ၄-သတ-၁ (yng) မှ ၄-သတ-၃(yng)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ ၄-မ-၁ (yng) မှ ၄-မ-၇၀ (yng)ထိ |

**ပဉ္စမပိုင်း အစမ်းလေ့ကျင့်ရက် (၈-၁၂-၂၀၂၃ )ရက်နေ့ နံနက်ပိုင်း (၈:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် တတိယနေ့ ( ၉-၁၂-၂၀၂၃ )ရက်နေ့ ဆဋ္ဌမပိုင်း အစီအစဉ်မွန်းလွဲ(၂:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၁၆၇၈ (Mg) မှ ၄-ပ-၁၉၈၂(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ ၄-မ-၂၂၀ (Mg) မှ ၄-မ-၄၈၈(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၃ (Mg) မှ ၄-သ-၂၄၅(Mg)ထိ |
| ၂၀၁၉ | မကွေး | သိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ ၄-ရခ-၁ (Mg) မှ ၄-ရခ-၅၃(Mg)ထိ |

**ဆဋ္ဌမပိုင်း အစမ်းလေ့ကျင့်ရက် ( ၈-၁၂-၂၀၂၃ )ရက်နေ့ မွန်းလွဲပိုင်း (၁:၃၀)နာရီ**

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ( ၁၀-၁၂-၂၀၂၃ )ရက်နေ့ သတ္တမပိုင်းအစီအစဉ်နံနက်(၉:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | သိပ္ပံ(ဘွဲ့) | သင်္ချာ ၄-သခ-၂ (Mg) မှ ၄-သခ-၁၄၆(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၁၉၈၃ (Mg) မှ ၄-ပ-၂၄၄၃(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၂၄၆ (Mg) မှ ၄-သ-၃၈၅(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | စီးပွားစီမံ ၄-စစ-၃ (Mg) မှ ၄-စစ-၁၉၁(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ ၄-မ-၇၁ (yng) မှ ၄-မ-၂၄၂ (yng)ထိ |

**သတ္တမပိုင်း အစမ်းလေ့ကျင့်ရက် (၈-၁၂-၂၀၂၃ )ရက်နေ့ နံနက်ပိုင်း (၈:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ( ၁၀-၁၂-၂၀၂၃ )ရက်နေ့ အဋ္ဌမပိုင်း အစီအစဉ်မွန်းလွဲ(၂:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | ဥပဒေ(ဘွဲ့) | ဥပဒေပညာ ၅ဠ ၁ (Mg) မှ ၅ဠ ၁၂၇(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၃၉၇ (Mg) မှ ၄-သ-၆၉၂(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | စီးပွားရေး ၄-စီး-၁ (Mg) မှ ၄-စီး-၂၁၀(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အရှေ့တိုင်းပညာ ၄-အရ-၁ (Mg) မှ ၄-အရ-၁၅(Mg)ထိ |
| ၂၀၁၉ | မကွေး | သိပ္ပံ(ဘွဲ့) | သတ္တဗေဒ ၄-သတ-၁ (Mg) မှ ၄-သတ-၇၅(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ ၄-မ-၂၄၅(yng) မှ ၄-မ-၄၅၇ (yng)ထိ |

**အဋ္ဌမပိုင်း အစမ်းလေ့ကျင့်ရက် ( ၈-၁၂-၂၀၂၃ )ရက်နေ့ မွန်းလွဲပိုင်း (၁:၃၀)နာရီ**

**ဘွဲ့နှင်းသဘင် ပဉ္စမနေ့ ( ၁၅-၁၂-၂၀၂၃ )ရက်နေ့ နဝမပိုင်းအစီအစဉ်နံနက်(၉:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၆၉၃ (Mg) မှ ၄-သ-၉၂၁(Mg)ထိ |
| ၂၀၁၉ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | စီးပွားရေး ၄-စီး-၂၁၃ (Mg) မှ ၄-စီး-၄၅၀(Mg)ထိ |
| ၂၀၁၉ | မကွေး | သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ ၄-ဓ-၁ (Mg) မှ ၄-ဓ-၉၀(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၃ (yng) မှ ၄-ပ-၂၉၈(yng)ထိ |
| ၂၀၁၉ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ ၄-ဓ-၁ (yng) မှ ၄-ဓ-၂၉(yng)ထိ |

**နဝမပိုင်း အစမ်းလေ့ကျင့်ရက် ( ၁၄-၁၂-၂၀၂၃ )ရက်နေ့ နံနက်ပိုင်း (၈:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ပဉ္စမနေ့ ( ၁၅-၁၂-၂၀၂၃ )ရက်နေ့ ဒသမပိုင်း အစီအစဉ်မွန်းလွဲ(၂:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၂၂ | မကွေး | ဥပဒေ(ဘွဲ့) | ဥပဒေပညာ ၅ဠ ၄ (Mg) မှ ၅ဠ ၈၈(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ ၄-မ-၂ (Mg) မှ ၄-မ-၆၈၄(Mg)ထိ |
| ၂၀၂၂ | မကွေး | သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ ၄-ဓ-၂(Mg) မှ ၄-ဓ-၇၃(Mg)ထိ |
| ၂၀၁၉ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၂၉၉(yng) မှ ၄-ပ-၅၅၀ (yng)ထိ |
| ၂၀၁၉ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ ၄-ရခ-၁(yng) |

**ဒသမပိုင်း အစမ်းလေ့ကျင့်ရက် ( ၁၄-၁၂-၂၀၂၃ )ရက်နေ့ မွန်းလွဲပိုင်း (၁:၃၀)နာရီ**

**ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ ( ၁၆-၁၂-၂၀၂၃ )ရက်နေ့ ဧကာဒသမပိုင်း အစီအစဉ်နံနက်(၉:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ် ၄-အ-၄ (Mg) မှ ၄-အ-၂၇၅(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၄ (Mg) မှ ၄-ပ-၈၁၄(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၄ (Mg) မှ ၄-သ-၅၉၇(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ဒဿနိကဗေဒ ၄-ဒ-၄ (Mg) မှ ၄-ဒ-၁၁၂(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | စီးပွားစီမံ ၄-စစ-၂ (Mg) မှ ၄-စစ-၃၅(Mg)ထိ |
| ၂၀၂၂ | မကွေး | သိပ္ပံ(ဘွဲ့) | သင်္ချာ ၄-သခ-၆(Mg) မှ ၄-သခ-၁၀၉(Mg)ထိ |
| ၂၀၂၂ | မကွေး | သိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ ၄-ရခ-၂(Mg) မှ ၄-ရခ-၄၁(Mg)ထိ |

**နဝမပိုင်း အစမ်းလေ့ကျင့်ရက် ( ၁၄-၁၂-၂၀၂၃ )ရက်နေ့ နံနက်ပိုင်း (၈:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ ( ၁၆-၁၂-၂၀၂၃ )ရက်နေ့ ဒွါဒသမပိုင်း အစီအစဉ်မွန်းလွဲ(၂:၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ် ၄-အ-၂၇၆ (Mg) မှ ၄-အ-၅၃၉(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း ၄-သ-၆၀၂ (Mg) မှ ၄-သ-၉၁၂(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် ၄-ပ-၈၃၃ (Mg) မှ ၄-ပ-၁၃၀၉(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | စီးပွားရေး ၄-စီး-၁ (Mg) မှ ၄-စီး-၁၆၄(Mg)ထိ |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | စိတ်ပညာ ၄-စ-၈ (Mg) |
| ၂၀၂၂ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အရှေ့တိုင်းပညာ ၄-အရ-၇ (Mg) |
| ၂၀၂၂ | မကွေး | သိပ္ပံ(ဘွဲ့) | ရူပဗေဒ ၄-ရပ-၅(Mg) မှ ၄-ရပ-၈၉(Mg)ထိ |
| ၂၀၂၂ | မကွေး | သိပ္ပံ(ဘွဲ့) | သတ္တဗေဒ ၄-သတ-၂(Mg) မှ ၄-သတ-၄၀(Mg)ထိ |

**ဒသမပိုင်း အစမ်းလေ့ကျင့်ရက် ( ၁၄-၁၂-၂၀၂၃ )ရက်နေ့ မွန်းလွဲပိုင်း (၁:၃၀)နာရီ**

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်ကြရန်နှင့် သရုပ်ပျက် ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲ အပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ လုံးဝတက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့် လက်မှတ်နှင့် ဧည့်လက်မှတ်များကို (၂၈-၁၁-၂၀၂၃) ရက်နေ့နံနက်(၉:၀၀) နာရီမှစ၍ မကွေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန တွင် ကိုယ်တိုင် လာရောက် ထုတ်ယူကြရမည်။

တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

**( အေးပိုင် )**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ( ၉ )ရက်။** **မကွေးတက္ကသိုလ်**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ကြီးပင်ကန်အမှတ်(၁) ကျေးရွာနေ ဦးစန်းရှိန်၏သား ဦးကိုကိုဦး(ခ)ဦးအောင်ကိုဦး ၈/မဘန(နိုင်)၀၉၃၃၀၃သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဟန်မျိုးအောင် ၉/လဝန(နိုင်)၁၅၁၂၀၈၏ သမီး၊ မိတ္ထီလာမြို့၊ အထက (၅) Grade-5 မှ မမှူးတွယ်တာခင်အား မပိုပိုပြည့်စုံဟုလည်းကောင်း၊ KG-တန်းမှ မအိမ့်မှူးသစ္စာနွယ်အား မဂျူးဂျူးမေသော်ဟုလည်းကောင်း၊ ပြောင်းလဲခေါ်ဆိုပါရန်။

**မပိုပိုပြည့်စုံ၊ မဂျူးဂျူးမေသော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/9739 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3242 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/55391, Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်သင်း ၇/ပမန(နိုင်)၁၈၃၅၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/34607,Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၉/ပဘန(နိုင်) ၁၅၂၉၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/13910,Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/36931,Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေရိယာ(၀ဒသမ၀၅၆)ကေရှိ မြေကွက်အမှတ်(ပ- ၃၀၅၅၇)ကို အမည်ပေါက် ဒေါ်စန်းစန်းရီ (ဘ)ဦးဘညွန့် ၉/ပမန(နိုင်)၀၄၁၆၈၂၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ဖြိုးစန္ဒီမွန် (ဘ) ဦးဘကြည် ၆/ရဖန(နိုင်)၀၆၈၆၆၀ မှ ဒေါ်သီသီလှိုင်(ဘ)ဦးရွှေလှိုင် ၁၂/သလန(နိုင်)၀၀၇၄၅၃နှင့်မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ ပျဉ်းမနားမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၂/၂၀၂၃(၂၉-၃-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အ မှတ် ၇/မြို့မအနောက်ရပ်၊ မြေရိယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အမှတ်(ပ- ၃၀၇၅၈)ကို အမည်ပေါက် ဦးခင်မောင်တင်(ဘ)ဦးခင်မောင် ၉/ပမန(နိုင်) ၀၂၁၄၁၇၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးအေးသန်း(ဘ) ဦးကျော်ငွေ ၁၂/ဥကတ(နိုင်)၀၇၃၈၁၀ မှ ဒေါ်နန်းစိုး(ဘ)ဦးသောင်းဒန် ၁၂/မရက(နိုင်)၁၀၇၈၀၆နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခ ပြေစာ၊ ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ ၃၂၆/၂၀၂၃(၁၆-၆-၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၆

| ဒေါ်ဌေးဌေးတင် | နှင့် | ဒေါ်ခိုင်ရွှေဝါ |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ် ကွက်၊ အကွက်အမှတ်(ဗ-၄)၊ ဦးပိုင်(၇၄)(ဘ)ဦးပန်၏သမီးဖြစ်သူ ဒေါ်ခိုင်ရွှေဝါ (ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ဌေးဌေးတင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၄)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ဒသမ၀၃၁ )ဧက အကျယ်အဝန်းရှိ ဒေါ်ခိုင်ရွှေဝါ အမည်ပေါက် ဂရန်မြေကွက် ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက် (၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်းလ ပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲလင်းအောင်)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်မရောမြို့နယ်၊ အလက (အထရံ)၊ Grade-4 တန်းမှ မောင်အောင်မင်းခန့်၏ ဖခင် ဦးသော်ဇင်ဦးနှင့် ဦးပြည့်လျှံတိုး ၅/ရဥန(နိုင်)၁၀၃၁၁၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသော်ဇင်ဦး(ခ) ဦးပြည့်လျှံတိုး

## ဖခင်အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ကပိုင်အုပ်စု၊ ကဖြူကျေးရွာနေ မောင်ဇင်မျိုးဝင်း ၅/ယမပ(နိုင်)၁၃၁၉၃၀၏ ဖခင်အမည်မှန်မှာ ဦးဘိုလေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁-၁-၂၀၀၃)ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/4077 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသင်းအောင် ၁၃/တကန(နိုင်)၂၀၀၄၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/3486 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၁၂/မဂတ(နိုင်)၀၇၈၉၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/70698, Honda Wave 100 M/Cယာဉ်လက်ဝယ်ရှိသူ ဦးသန်းမင်းထွန်း ၁၄/မအန(နိုင်)၁၄၉၃၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ပခုက္ကူ)

